တပေါစ ဇတံ မင်္ဂလ မုတ္တမံ၊ မြိုးမြဲစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၇)

ရပ်ရွာဖွံ့ဖြိုးရေး မြို့နယ်အဆင့်တာဝန်ရှိသူများကြိုးစား အချင်းချင်းညှိနှိုင်း ဒေသဖွံ့ဖြိုးအောင်ဆောင်ရွက် ကဏ္ဍစုံတိုးတက်အောင် ကျေးလက်လိုအပ်ချက်ဖြည့်ဆည်း ဒေသပိုမိုတိုးတက်ရေး တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ မကွေးတိုင်း မကွေးမြို့သို့ နံနက် ၈ နာရီ မိနစ် ၅၀တွင် ရောက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်နိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် လျှော်ဒဏ်ကြောင့်လည်းကောင်း၊ အရှေ့ဘက်ကမ်းဒေသတွင် မုန်တိုင်းကျရောက်မှုကြောင့်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တွင် လျှော်ဒဏ်ကြောင့်လည်းကောင်း၊ အရှေ့ဘက်ကမ်းဒေသတွင် မုန်တိုင်းကျရောက်မှုကြောင့်လည်းကောင်း အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်က ဖန်တီးပေးသည့် အကျိုးရလဒ်ကောင်းများ

- ❏ အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးသည် အခြားမြို့နယ်များကဲ့သို့ (၂၅)ခုတင်ဆံ့မဟုတ်၊ ခုတင်(၅၀)ဆံ့ဆေးရုံဖြစ်၍ နိုင်ငံတော်က ထူးထူးခြားခြား ဖန်တီးပေးထားသော ကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်ကောင်းတစ်ခုဖြစ်။
- ❏ နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများကို တန်ဖိုးရှိရှိအသုံးချပြီး ပြည်သူအားထားရသည့် ဆေးရုံကြီးအဖြစ် ရပ်တည်နိုင်အောင် စေတနာရှေ့ထားကြိုးစား။
- ❏ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသ၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုမြင့်မားတိုးတက်အောင် အမြဲမပြတ် တီထွင်ကြံဆဆောင်ရွက်။
- ❏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍအလိုက် စီမံချက်များ ချမှတ်ပြီး အောင်မြင်အောင်ဆောင်ရွက်။
- ❏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိအောင် လူမှုရေးအသင်းအဖွဲ့များ၏စွမ်းအားကို ထိရောက်စွာအသုံးချ၊ ပြည်သူများ၏လိုအပ်ချက်ကို ဖော်ထုတ်ဖြည့်ဆည်း။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် စာသင်ခန်းများအတွင်း လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရေး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း ထောင်ချီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ထည်ဝါစွာ ရပ်တည်ခဲ့သည်။ ကိုယ်ပိုင်စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု ဖြစ်တည်ထွန်းကားလာခဲ့သည့် နိုင်ငံလည်းဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက် ထုံးတမ်းအစဉ်အလာများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများကို ထိန်းသိမ်းစောင့်ရှောက်ထားနိုင်သော နိုင်ငံဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ရှေးဟောင်းသာသနိက အဆောက်အအုံများ၊ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများ၊ ရှေးဟောင်းမြို့ရိုးများနှင့် နန်းတော်ရာများကို ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် သုတေသနပြု တူးဖော်လေ့လာခြင်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

အလောင်းမင်းတရားကြီး၏ ရွှေဘိုရတနာနန်းတော်၊ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်တို့ကို ပြန်လည်တူးဖော်တည်ဆောက်နေသကဲ့သို့ ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပုဂံမြို့ဟောင်း မြို့ရိုးအတွင်း၌ ပြန်လည်တူးဖော် တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၂၅ရက်နေ့က သန်လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက္ကမော့တောင်ပေါ်စေတီ အာရုံခံတန်ဆောင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် ကြည်အောင်နှင့် တာဝန်ရှိသူများက ပါဒကြီးဒေသနှင့် ဇုတ်သုတ် ဒေသတို့တွင် ထွန်းကားခဲ့သော ဂဝံယဉ်ကျေးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့ပြင် ရှေးဟောင်းသုတေသနဦးစီးဌာနက သုတေသနပြုဖော်ထုတ်ဆောင်ရွက်နေမှု၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်အတွင်း ပါဒကြီးဒေသဝန်းကျင်၌ ဂဝံယဉ်ကျေးမှု အထောက်အထားများကို ရှာဖွေဖော်ထုတ် သုတေသနပြုရန်အတွက် ၂၄နေရာ ကွင်းဆင်းတူးဖော်ဆောင်ရွက်နေမှု၊ ၂၀၀၂ခုနှစ်မှစတင်၍ တူးဖော်လျက်ရှိသည့် နေရာလေးနေရာတွင် ရှေးဟောင်းဂဝံယဉ်ကျေးမှုလက်ရာများဖြစ်သည့် ဂဝံရုပ်ပွားတော်များ၊ ဂဝံကျောက်တိုင်လုံးကြီးများ တူးဖော်တွေ့ရှိမှုတို့ကိုလည်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းတင်ပြခဲ့သည်။

တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က–

“ဂဝံယဉ်ကျေးမှုထွန်းကားခဲ့သော ဒေသအသီးသီးတို့မှ သုတေသနပြုတွေ့ရှိသည့် ရှေးဟောင်းအထောက်အထားများကို စနစ်တကျ မှတ်တမ်းတင်ထားရှိရေး၊ တူးဖော်တွေ့ရှိချက်များကို စာတမ်းများပြုစုထားရှိရေး ဆွေးနွေးမှာကြားပြီး နှစ်ပရိစ္ဆေဒကြာမြင့်သဖြင့် သမိုင်းပျောက်ပြီး ဒဏ္ဍာရီဖြစ်နေရသည့်ဖြစ်ရပ်များကို ခိုင်မာသည့်အထောက်အထားများ သုတေသနပြုပြီး သမိုင်းကြောင်းကိုပြန်လည်ဖော်ထုတ်သွားရန်”

ပြောကြားသည်။

ရှေးဟောင်းဂဝံ ယဉ်ကျေးမှုထွန်းကားခဲ့သည့် ကျောက်တန်းမြို့နယ် ပါဒကြီးဒေသမှ ကုန်းဟောင်းများတွင် ရှေးဟောင်းသုတေသနဦးစီးဌာနက တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကျောက်တန်းမြို့နယ် ပါဒကြီးဒေသအတွင်း ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော သမိုင်းကြောင်း အထောက်အထားများအား ရှာဖွေဖော်ထုတ်လျက်ရှိရာ ဂဝံရုပ်ပွားတော်များနှင့် ရှေးဟောင်းသိမ်များ တူးဖော်တွေ့ရှိထားကြောင်း ကြားသိရသည်။

သို့ဖြစ်ရာ မိမိနိုင်ငံနှင့် မိမိလူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရေးအတွက် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက သက်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၅–၈–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“ရုပ်နာမ်ခွဲ၊ ပညတ်ပရမတ်ခွဲ”**

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Measures of Dispersion (ပြည်သူ့ရေးရာ)
၅း၀၀ ၆။ အမေးကဏ္ဍတွေးစရာ
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၈။ နိုင်ငံတကာသတင်း
၆း၂၀ ၉။ မိုးလေဝသသတင်း
၆း၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၁။ မြန်မာ့ရှုခင်း
၆း၄၀ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”**(အပိုင်း–၂၅)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၉။ English Premier League ဘောလုံးပြိုင်ပွဲ Chelsea Vs Manchester United.

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) **ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။**

(၂) **ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။**

(၃) **ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။**

(၄) **ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။**

(၅) **ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။**

(၆) **ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။**

ဆက်ကပ်လှူဒါန်း

ဩဂုတ်၁၁ရက်က နှစ်ဖက်သော မိဘများနှင့် ဗိုလ်မှူးကြီးလှမင်းအား ရည်းစူး၍ ဇနီး ဒေါ်မေမေလွင်နှင့် သားသမီးမြေးများက အင်းစိန်မြို့နယ် ဆယ်မိုင်ကုန်း အောင်မင်္ဂလာ ဣစ္ဆာသယ ရွာမကြီးကျောင်းတိုက်တွင် ဆွမ်းပဒေသာပင် အတွက် ငွေကျပ်ဆယ်သိန်း လှူဒါန်းစဉ်။

(က–ပ)

ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ“ဖွံ့ဖြိုးဝေစည် မြန်မာပြည်” ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ၁၀x၁၂လက်မထက် မငယ်သောအရွယ်အစား Printပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့် စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (၂၂–၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် အောက်တိုဘာ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏ အမည်ကို ၂၀၀၄ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထူးအယူခံခုံရုံး ရုံးထိုင်ကြားနာ

ရန်ကုန် ဩဂုတ် ၁၄

တရားရုံးချုပ် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားသူကြီးများဖြစ်ကြသော ဒေါက်တာတင်အောင်အေးနှင့် ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည်ယမန်နေ့နံနက် ၁၀ နာရီက တရားရုံးချုပ်(ရန်ကုန်) ရုံးခန်းအမှတ်(၁)၌ရုံးထိုင်၍ တရားမ အထူးအယူခံမှု သုံးမှုနှင့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု ရှစ်မှုတို့ကို စီရင်ချက် ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ်တရားစီရင်ရေးဥပဒေ ပုဒ်မ၇အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာကြကြောင်း သတင်းရရှိသည်။

လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်း ဖွင့်ပွဲအခမ်းအနားကျင်းပ
ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေး၊ လူငယ်လူရွယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးဖွင့်လှစ်သည့် လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်း(၈/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးချီးမြှင့်သည်။ (အပေါ်ပုံ)

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးနှင့် နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ နည်းပြဆရာ ဆရာမများ၊ စခန်းဝင်လူငယ်လူရွယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးက လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်း(၈/၂၀၀၄)ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကျန်းမာရေးကဏ္ဍ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော မျိုးဆက်ပွားကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက စခန်းဖွင့်ပွဲအထိမ်းအမှတ်အလံကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် စခန်းဝင် လူငယ်လူရွယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ကူညီပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီက လူငယ်လူရွယ် ပညာပေးလေ့ကျင့်ရေးစခန်းများကို ဖွင့်လှစ်ခဲ့ရာ ယခု (၈)ကြိမ်မြောက် ဖွင့်လှစ်နိုင်ခဲ့ပြီး လူငယ်လူရွယ် ၂၈၀တို့အား စခန်းဝင် လေ့ကျင့်ပေးခဲ့ကြောင်းနှင့် ယနေ့ဖွင့်လှစ်သော လူငယ်လူရွယ်ပညာပေးလေ့ကျင့်ရေးစခန်း (၈/၂၀၀၄)တွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ လူငယ်လူရွယ် ၄၀ တို့ စခန်းဝင် လေ့ကျင့်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝမ်းမြောက်ဖွယ်နှင့် ဖြည့်ကျင့်ဖွယ်တရားတော် မြန်မာ့အသံမှ အသံလွှင့်ဟောကြားတော်မူမည်

ရန်ကုန် ဩဂုတ် ၁၄

၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ် ၁၅ ရက်) တနင်္ဂနွေနေ့ နံနက် ၇ နာရီတွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မအလယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ (မဟာဂန္ထဝါစကပဏ္ဍိတ)က ဝမ်းမြောက်ဖွယ်နှင့်ဖြည့်ကျင့်ဖွယ် တရားတော်ကို အသံလွှင့်ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၃-၈-၂၀၀၄

ကျောက်ဖြူမြို့	၇ ဒသမ ၄၈ လက်မ
ဟသ်ာတမြို့	၅ ဒသမ ၇၁ လက်မ
စစ်တွေမြို့	၅ ဒသမ ၃၅ လက်မ
မောင်တောမြို့	၅ ဒသမ ၀၄ လက်မ
ပူတာအိုမြို့	၄ ဒသမ ၇၂ လက်မ
ရေးမြို့	၃ ဒသမ ၈၆ လက်မ
မော်လမြိုင်မြို့	၃ ဒသမ ၅၄ လက်မ
အမ်းမြို့	၃ ဒသမ ၃၅ လက်မ



ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ပြည်သူ့အကျိုးပြုလုပ်ငန်းများတက်ကြွစွာပါဝင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် ဩဂုတ် ၃ ရက်တွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များက မိမိတို့ရပ်ရွာဒေသများ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာ ဗဟိုအသင်းအတွင်းရေးမှူး ဦးအောင်သောင်းက ကျေးလက်ဒေသများ၌ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

တွေ့ဆုံ

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ (စည်ပင်ပြင်ပ)ဖြစ်သည့် ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးတိုင်းစစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းက လုပ်ငန်းကဏ္ဍ ငါးရပ် ဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီးဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ခရိုင်အလိုက် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေး ဘီယာစက်ရုံ ကနောင်ခန်းမ၌ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့အတွင်းရှိ စက်ရုံမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံမှူးအသီးသီးက မိမိတို့စက်ရုံများ၏ ကုန်ထုတ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် ယနေ့နံနက် ၇ နာရီတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ တည်ဆောက်ပြီး မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသစ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဗဟိုအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုပြည်သူများနှင့်တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေး၊ မိမိမြို့ရွာ၊ ရပ်ကွက်အကျိုးပြုလုပ်ငန်းများ၊ ဆောင်ရွက်ရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း မန္တလေးတိုင်းနှင့် ခရိုင်များမှ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (စက်မှု-၁)

အမျိုးသမီးငယ်ရွယ်လေးများ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့နှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးငယ်ရွယ်လေးများအား အသိပညာပေးဟောပြောပွဲနှင့် အားကစားသရုပ်ပြပွဲ အခမ်းအနားကို ဩဂုတ် ၁၂ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းနှင့် ဦးထွန်းမြတ်လမ်းထောင့်ရှိ တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အမျိုးသမီး ငယ်ရွယ်လုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော ဒေါ်မြင့်မြင့်ကို၊ ဒေါ်ယဉ်ယဉ်မြ၊ ဒေါ်မိုးမိုးမြင့်၊ ဒေါ်မြသန်း၊ ပါမောက္ခ ဒေါက်တာဒေါ်သန်းနုရွှေ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆရာဆရာမများနှင့် အမျိုးသမီးငယ် ကျောင်းသူလေးများ တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးကိုယ်စား တာဝန်ခံဆရာမဒေါ်ခင်မာဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ဌေးဌေးက "အမျိုးသမီးများအား အကြမ်းဖက်မှုနှင့် သမီးငယ်များ သိမှတ်ဖွယ်ရာအကြောင်း" သိကောင်းစရာကို လည်းကောင်း၊ အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ဝင် ကလေးအထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်ချိုလွင်ဦးက အမျိုးသမီးငယ်ရွယ်လေးများ၏ "အပျိုဖော်ဝင်အရွယ် ကျန်းမာရေးအကြောင်း"သိကောင်းစရာကိုလည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံဦးစီးဌာနမှ မြန်မာ့လက်ရွေးစင် ဂျူဒိုနှင့်ဝူရှူးအားကစားမယ်များက အားကစားသရုပ်ပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန်တို့ဆုတ်ခွာပြီး ကျူးကျော်မှုအဆုံးသတ်ရန် အီရတ်ခေါင်းဆောင် အယ်လ်ဆာဒါ တောင်းဆို

ဘဂ္ဂဒက် ဩဂုတ် ၁၁

အမေရိကန်တပ်ဖွဲ့ဝင်များက တိုက်ခိုက်မှုများရပ်တန့်ပါက ဆာဒါ၏ တိုက်ခိုက်ရေးသမားများကလည်း အလားတူရပ်တန့်မည်ဖြစ်ကြောင်း ဆာဒါ၏ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်နိုင်ငံမှ ဆုတ်ခွာသွားပြီး ကျူးကျော်ထားမှုကိုလည်း အဆုံးသတ်ရန် အယ်ဆာဒါက တောင်းဆိုထားသည်။

ဆန္ဒပြ

နာဂျက်ဖ်မြို့တွင် သေဆုံးသည်အထိ ခုခံကာကွယ်သွားမည်ဖြစ်ကြောင်း တနင်္လာနေ့က ပြောကြားခဲ့ပြီး တစ်ချိန်တည်းမှာပင် ဗြိတိန်တပ်ဖွဲ့ ထိန်းချုပ်ထားသော အီရတ်နိုင်ငံတောင်ပိုင်းဒေသအများအပြား၌ တိုက်ပွဲများဖြစ်ပွားလျက်ရှိရာ အမာရာမြို့တွင် ဆာဒါ၏ သစ္စာခံများက ဒုံးပစ်လောင်ချာ၊ မောင်းပြန်လက်နက်များကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။

တင်းမာဆဲ

အလားတူ ဆာဒါမြို့၌လည်း တိုက်ပွဲများဖြစ်ပွားရာ ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ဘာဆာရာမြို့သည် ယခုအခါတွင် အေးချမ်းနေပုံရသော်လည်း တင်းမာမှုများရှိနေဆဲဖြစ်ကြောင်း ဗြိတိန်တပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ရှိ ဆာဒါးစီးတီးတွင် ညမထွက်ရ အမိန့်ထုတ်ပြန်ထားသော်လည်း တိုက်ခိုက်မှုများ ရှိနေသည်။ တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့က အစိုးရအဆောက်အအုံဌာနများကို တိုက်ခိုက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်လျက်ရှိပြီး အရပ်သားများ အိမ်ထဲ၌သာနေရန် သတိပေးထားသည်။

ဆက်စပ်မှုရှိ

ဆာဒါစီးတီး၌ ဖြစ်ပွားလျက်ရှိသော တိုက်ခိုက်မှုများသည် နာဂျက်ဖ်မြို့၌ ဖြစ်ပွားနေသော တိုက်ပွဲများနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည်ဟု ဆိုသည်။

(စီအင်န်အင်န်)

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်တိုက်ခိုက်ရန် ကြိုးစားနေသော အီရတ်ပြောက်ကျားများအား ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေး ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ် ငြင်းဆိုထား

အစ္စလမ္မာဘတ် ဩဂုတ် ၁၁

ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်သည် အီရတ်ကြားဖြတ်အစိုးရက ထပ်ကာတလဲ မေတ္တာရပ်ခံထားသော်ငြားလည်း ယခုအခါ၌ အီရတ်သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စကို မူရှာရက်ဖ်က ငြင်းဆိုထားသည်။

လက်ရှိပတ်ဝန်းကျင် အခြေအနေအရ အီရတ်သို့ မိမိတို့၏တပ်ဖွဲ့ဝင်များကို စေလွှတ်မည်မဟုတ်ကြောင်း မူရှာရက်ဖ်က အင်္ဂါနေ့ထုတ် နယူးစ်သတင်းစာ တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားလိုက်သည်။

တံခါးမပိတ်ထား

ထိုသို့ ဆိုသော်လည်း အီရတ်နိုင်ငံ၏ ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲလာချိန်တွင် မိမိတို့၏တံခါးများကို ပိတ်မထားကြောင်း မူရှာရက်ဖ်က ဆက်လက်ပြောကြားသည်။

အတိမ်းအစောင်းမခံ

လွန်ခဲ့သည့်လ၌ ပါကစ္စတန် အလုပ်သမားနှစ်ဦး အီရတ်၌ အသတ်ခံခဲ့ရပြီးနောက် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးကိစ္စသည် ပို၍အတိမ်းအစောင်းမခံသောကိစ္စဖြစ်လာသည်။ တပ်ဖွဲ့ဝင်များ စေလွှတ်ခြင်းမပြုမီ ပါကစ္စတန်နိုင်ငံ၌ အခြေအနေ သုံးရပ်ရှိကြောင်း၊ ယင်းတို့မှာ အီရတ်အစိုးရထံမှ ကမ်းလှမ်းချက်၊ အခြားမွတ်စလင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များ စေလွှတ်မှုနှင့် ပါကစ္စတန်နိုင်ငံအတွင်း၌ ထောက်ခံမှုတို့ဖြစ်ကြောင်း သမ္မတ မူရှာရက်ဖ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ရေနံပိုက်လိုင်း ဖျက်ဆီးခံရ၍ ထုတ်လုပ်မှုကျဆင်း

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံတောင်ပိုင်းရှိ ရေနံတင်ပို့သည့် ပိုက်လိုင်းနှစ်လိုင်းအနက် တစ်လိုင်းမှာ ဖောက်ခွဲဖျက်ဆီးခံရ၍ အီရတ်၏ ရေနံထုတ်လုပ်မှုမှာ ကျဆင်းသွားခဲ့ကြောင်း အဆင့်မြင့် ရေနံအရာရှိတစ်ဦးက ရိုက်တာသို့ အင်္ဂါနေ့တွင် ပြောသည်။

လျော့ကျ

တောင်ပိုင်းရေနံမြေမှ ပင်လယ်ကွေ့ကမ်းလွန်ရေနံတင်ပို့ရေး ဆိပ်ကမ်းနှစ်ခုအထိ သွယ်တန်းထားသော ၄၈ လက်မပိုက်လိုင်းမှာ တနင်္လာနေ့က တိုက်ခိုက်ခံခဲ့ရသည်။ ထို့ကြောင့် အီရတ်တွင် မတည်ငြိမ်မှုသည် နိုင်ငံ၏ ရေနံတင်ပို့မှုကို အနှောင့်အယှက်ဖြစ်စေမည်ကို စိုးရိမ်ပူပန်စရာဖြစ်လာခဲ့သည်။ အဆိုပါတိုက်ခိုက်ခံရမှုကြောင့် တစ်နေ့လျှင် ရေနံစည် ၁၁သမ ၉သန်းမှ ရေနံစည် ၁ ဒသမ ၁ သန်းအထိ တင်ပို့မှုလျော့ကျခဲ့ကြောင်း ထိုအရာရှိက ပြောသည်။

ရပ်ဆိုင်းထား

ထုတ်လုပ်မှုမှာ ခုခံတိုက်ခိုက်ရေးပြောက်ကျားများ၏ ခြိမ်းခြောက်မှုကြောင့် ရပ်ဆိုင်းထားကြောင်း အခြားရေနံအရာရှိများက တနင်္လာနေ့တွင် ပြောသည်။ အယ်လ်ဆာဒါအဖွဲ့ကမူ ထိုသို့မခြိမ်းခြောက်ခဲ့ကြောင်း ငြင်းဆိုသည်။

အီရတ်နိုင်ငံ ရေနံလုပ်ငန်း၏ အချက်အချာဖြစ်သော တောင်ပိုင်းဒေသ အတွင်းပိုင်းထိ ဆာဒါ၏ လက်နက်ကိုင်အဖွဲ့နှင့် အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များအကြား တိုက်ပွဲများသည် ပြင်းပြင်းထန်ထန် ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ကန်စစ်ယာဉ်မီးလောင်

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် အီရတ်ပြောက်ကျားတို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို ဩဂုတ် ၁၀ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်-အီရတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးချဲ့ရေး နှစ်နိုင်ငံတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

တီဟီရန် ဩဂုတ် ၁၀

နှစ်နိုင်ငံဆိုင်ရာ စီးပွားရေးအခွင့်အလမ်းနှင့် ပတ်သက်ပြီး ဆွေးနွေးရန် အီရန်နှင့် အီရတ်နိုင်ငံတို့မှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင် ၃၀၀ခန့်သည် တီဟီရန်မြို့တွင် ပြီးခဲ့သောတစ်ပတ်က တွေ့ဆုံခဲ့ကြသည်။ ဆွေးနွေးပွဲတွင် အီရန်-အီရတ် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့ရေးအတွက် အဓိကထား ဆွေးနွေးခဲ့ကြသည်။ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အီရန်နိုင်ငံက ဒေါ်လာ ၁၀ သန်းပေးရန် ကမ်းလှမ်းမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

(စီအင်န်အင်န်)

ကမ္ဘာ့ကြောင်အလှပြပွဲတွင် ဆုချိန်ထားသောကြောင် လှောင်အိမ်မှလွတ်ပြီး လေယာဉ်မှူးကိုကုတ်ဖဲ့တိုက်ခိုက်

ဘရပ်ဆဲလ် ဩဂုတ် ၁၁

ဘယ်လ်ဂျီယံ ခရီးသည်တင်လေယာဉ်ပေါ်တွင် ကြောင်တစ်ကောင် လွတ်ထွက်လာကာ လေယာဉ်မှူးတစ်ဦးအား ကုတ်ဖဲ့တိုက်ခိုက်သဖြင့် လေယာဉ်ကို လေဆိပ်သို့ ပြန်လှည့်ခဲ့ရသည်။

ကုတ်ဖဲ့ခဲ့

ဂျင်ဟု အမည်ပေးထားသော မီးခိုးရောင်ရှိသည့် အဆိုပါကြောင်သည် လေယာဉ်ပျံတက်ပြီး မိနစ်၂၀ခန့်အကြာ၌ လှောင်အိမ်ကို ချိုးဖျက်ထွက်ခဲ့ပြီး လေယာဉ်မှူးများရှိရာအခန်းသို့ ပြေးသွားကာ တွဲဖက်လေယာဉ်မှူးအား ကုတ်ဖဲ့ခဲ့ကြောင်း အက်စ်အင်ဘရပ်ဆဲလ် လေကြောင်းလိုင်းက အင်္ဂါနေ့တွင် ပြောကြားသည်။

လေယာဉ်အမှုထမ်းနှင့် ခရီးသည် ၆၂ဦး လိုက်ပါလာသော အဆိုပါလေယာဉ်သည် ဘရပ်ဆဲလ်မှ ဗီယင်နာသို့ တနင်္လာနေ့က ထွက်ခွာလာစဉ် ကမ္ဘာ့ကြောင်ပြပွဲသို့ပြသရန် လိုက်ပါလာသည့် ဆုရရန်မျှော်မှန်းထားသော အဆိုပါကြောင်သည် လှောင်အိမ်မှလွတ်ထွက်ကာ ခရီးသည်များကြားတွင် လျှောက်သွားနေခဲ့သည်။ ခရီးသည်များ အိပ်ပျော်နေရာ ကြောင်လွတ်ထွက်သွားသည်ကို မသိလိုက်ဘဲရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ခရီးသည်များအား ဗီယင်နာသို့ အခြားလေယာဉ်ဖြင့် တင်ပို့ပေးခဲ့ပြီး ကြောင်နှင့် ကြောင်ပိုင်ရှင်မှာ သီးခြားလေယာဉ်တစ်စင်းဖြင့် ခရီးဆက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

ဒေသဖွံ့ဖြိုးရေးရေရှည်ဖော်ဆောင်မြှင့်တင်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ကျေးလက်အထိစီစဉ် နိုင်ငံတော်၏ကူညီပံ့ပိုးမှုများမှတစ်ဆင့် ပြည်သူများအကျိုးခံစားနိုင်အောင် အကောင်အထည်ဖော်

■ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မကွေးလေဆိပ်မှ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

အောင်လံမြို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းလိုက်ပါလျက် နံနက် ၉ နာရီ ၃၅ မိနစ်တွင် မကွေးတိုင်း အောင်လံမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောင်လံမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ဒေါက်တာမောင်မောင်ယုနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၁၃ ရက်က သရက်မြို့ အောင် မင်္ဂလာ ကျောင်း တိုက် တွင် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက် ဆရာတော် ဘဒ္ဒန္တ ကေသရ အား ဖူးမြော် ကြည်ညို ပြီး လှူဖွယ်ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ်၁၃ရက်က အောင်လံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဆေးရုံအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အောင်လံမြို့ အောင်မြေရွှေဝါခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေသယံဇာတနှင့် ရေသယံဇာတအခြေအနေ၊ စိုက်ပျိုးရေ ပိုမိုရရှိရေးဆောင်ရွက်ထားမှု၊ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန်လျာထားချက်၊ ဒေသဝမ်းစာနှင့် ဒေသဆီဖူလုံမှုအခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုးစိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးပြီးစီးမှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရန် စီမံဆောင်ရွက်နေမှု၊ မွေးမြူရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်လံမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောလုပ်ငန်း၊ စည်ပင်သာယာရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းအပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများနှင့် သိလိုသောအချက်များကို မေးမြန်းစိစစ် ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် အောင်လံမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များပံ့ပိုးပေးမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ရောက်ရောက်ချင်းပင် အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးသို့ဝင်ရောက်စစ်ဆေးကြည့်ရှုပြီး ပြည်သူများ၏ ကျန်းမာရေးတိုးမြှင့်စောင့်ရှောက်ပေးနိုင်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်းတစ်ခုဖြစ်

အောင်လံမြို့ ပြည်သူ့ဆေးရုံကြီးမှာ အခြားမြို့နယ်ဆေးရုံများကဲ့သို့ (၂၅)ခုတင်ဆံ့မဟုတ်ဘဲ ခုတင်(၅၀)ဆံ့ ဆေးရုံကြီးဖြစ်ရာ နိုင်ငံတော်က ထူးထူးခြားခြား ဖန်တီးပေးထားသော ကျန်းမာရေးဆိုင်ရာ အကျိုးရလဒ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း။

သို့ဖြစ်၍ ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများကလည်း နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးထားသည့် အကျိုးရလဒ်ကောင်းများကို တန်ဖိုးရှိရှိ ထိုက်တန်စွာ အသုံးချပြီး မိမိတို့ဆေးရုံကြီးကို ပြည်သူများအားထားရသည့် ဆေးရုံကြီးအဖြစ် ရပ်တည်နိုင်အောင် စေတနာရှေ့ထား ကြိုးစားကြရန် မှာကြားလိုကြောင်း။

အဓိကတည်မှီ

မိမိရပ်ရွာ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးသည် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ ရိုးသားကြိုးစားမှု၊ စေတနာကောင်းထားရှိမှုတို့အပေါ်တွင် အဓိကတည်မှီနေကြောင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်

စာမျက်နှာ ၆ ကော်လံ ၁

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၁၃ ရက်က သရက်မြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်း ကျောင်း အတွက် ရုပ်မြင် သံကြား စက်၊ ဗီဒီယိုပြစက် နှင့် ကွန်ပျူတာ တစ်စုံတို့ကိုကျောင်း အုပ် ဆရာမကြီး အား ပေးအပ်စဉ်။ (သတင်းစဉ်)

ဌာနဆိုင်ရာများအားလုံး သူ့တာကိုယ့်တာမခွဲခြားဘဲ စုပေါင်းတာဝန်ယူပြီး ညှိနှိုင်းပေါင်းစပ် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများအကျိုးစီးပွားဖြစ်ထွန်းစေရေး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က သရက်မြို့ သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ရှိသူများက ဌာနအချင်းချင်းသော်လည်းကောင်း၊ ကဏ္ဍအလိုက်ဖွဲ့စည်းထားသည့် ကော်မတီအချင်းချင်းသော်လည်းကောင်း ညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါမှ မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

အထူးသဖြင့် မိမိမြို့နယ် အဝန်းအဝိုင်းတွင် ပါဝင်သည့် ကျေးလက်ဒေသများကို ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်နှင့်အညီ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်အောင် ကျေးလက်အထိဆင်းပြီး ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြရန် မှာကြားလိုကြောင်း။

တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်

အောင်လံမြို့နယ်သည် စီးပွားရေးကောင်းသည့် မြို့နယ်ဖြစ်ပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေလည်း မြင့်မားသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒေသ၏စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားစေရအောင် အမြဲမပြတ် တီထွင်ကြံဆကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယင်းသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားစေရအောင် မည်သည့်နည်းစနစ်၊ မည်သို့သော အစီအမံဖြင့် ပံ့ပိုးမြှင့်တင်ပေးသွားမည်ကို မိမိတို့ ဆိုင်ရာကဏ္ဍအလိုက် စီမံချက်များချမှတ်ပြီး စီမံချက်ပါအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

ဖော်ထုတ်ဖြည့်ဆည်းပေး

ယင်းသို့ ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိအောင် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအားကို ထိရောက်စွာအသုံးချပြီး ပြည်သူများ၏လိုအပ်ချက်များကို ဖော်ထုတ်ဖြည့်ဆည်းပေးကြရန်လိုကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းအားမာန်ဖြင့် မိမိတို့ မြို့နယ်နှင့် ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် တစ်စိတ်တည်း တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တွေ့ဆုံပွဲ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၀၄ ခုနှစ် ဩဂုတ် ၉ရက်မှ ၁၃ရက်အထိကျင်းပသည့် ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုများနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် နံရံကပ်စာစောင် ခင်းကျင်းပြထားမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်လံမြို့ ရွာထောင်အခြေခံပညာအလယ်တန်းကျောင်းသို့သွားရောက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ဆွေ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ သင်ကြားရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အောင်လံမြို့မှတစ်ဆင့် သရက်မြို့သို့ရောက်ရှိကြရာ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန သရက်ဘိလပ်မြေစက်ရုံ ဧည့်ရိပ်သာသို့ ရောက်ရှိကြရာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရိက သရက်ဘိလပ်မြေစက်ရုံ၌ မီးသင်းဖို လိုင်းအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)တည်ဆောက်တပ်ဆင်ထားမှု၊ မီးထိုးဆီရရှိမှုနှင့် ထုတ်လုပ်နိုင်မှု၊ စက်များအကြီးစား ဖြည့်စွက်ပြင်ဆင်ထားမှု၊ ကျောက်မီးသွေး လောင်စာ အသုံးပြုထုတ်လုပ်နိုင်ရေးအတွက် ကျောက်မီးသွေးရရှိရေးလေ့လာထားမှု၊ သရက်ထုံးကျောက်တောင်၏အချက်အလက်၊ ထုံးကျောက်သိုက်၏ အနေအထားနှင့်လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားပြီး သရက်မြို့ ဘိလပ်မြေစက်ရုံလုပ်ငန်းခွင်သို့သွားရောက်၍ မီးသင်းဖို အမှတ်(၁)နှင့် အမှတ်(၂)လည်ပတ်နေမှုကိုလည်းကောင်း၊ ထိန်းချုပ်ခန်းကိုလည်းကောင်း၊မြန်မာပညာရှင်များကိုယ်တိုင် တည်ဆောက်ခဲ့သည့် တန်(၂၀၀)ကျ မီးသင်းဖိုအမှတ်(၃)ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာတင်မိုးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းခန်းမ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်းကုသခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သရက်ခရိုင်ခန်းမ၌ သရက်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က မင်းလှမြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လှူဖွယ်ပစ္စည်းများဆက်ကပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သရက်မြို့ အောင်မင်္ဂလာကျောင်းတိုက်သို့သွားရောက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သရက်ဆရာတော် ဘဒ္ဒန္တကေသရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အဓိကသီးနှံ(၁၀)မျိုး

အစီအစဉ်အရ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်းက ခရိုင်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ခရိုင်၏ ဖွဲ့စည်းထားမှု၊ မြေသယံဇာတ၊ မိုးရွာသွန်းမှု၊ ရေသယံဇာတအခြေအနေနှင့် စိုက်ပျိုးရေရရှိရန် ဆောင်ရွက်ထားမှု၊ သရက်ခရိုင်၏ ၂၀၀၄-၂၀၀၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန်လျာထားချက်နှင့် စိုက်ပျိုးနိုင်မှု၊ နွေစပါးစိုက်ပျိုးရန်လျာထားချက်၊ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ မြို့နယ်အလိုက် ဒေသဆန်နှင့် ဆီဖူလုံမှုအခြေအနေ၊ ၂၀၀၄-၂၀၀၅ ခုနှစ် အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးနိုင်မှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ခရိုင်အတွင်း စက်မှုကဏ္ဍအခြေအနေနှင့် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁

စာမျက်နှာ ၆ မှ

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သရက်မြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက သရက်ခရိုင်၏ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သစ်တော စိုက်ခင်းများ ထူထောင်ရေး၊ သစ်တောများ ထိန်းသိမ်းရေး၊ မြို့တွင်းလမ်းများအဆင့်မြှင့်ရေး၊ ကျေးလက်လမ်းများ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် သိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် သရက်ခရိုင် အောင်လံ၊ သရက်နှင့် မင်းလှမြို့နယ်သုံးခုသို့ ယနေ့လှည့်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပံ့ပိုးဖွယ်ရာများ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် မိမိနှင့်အဖွဲ့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ညှိနှိုင်းစီစဉ်ပေး

ယခု အောင်လံမြို့နှင့် သရက်မြို့တို့သို့ရောက်ရှိခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ပဓာနကျသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ကုန်ထုတ်လုပ်ရေး စသည့် စီးပွားရေးကဏ္ဍတိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်က ကူညီပံ့ပိုးပေးဖွယ်ရာများ ကူညီပံ့ပိုးပေးရန် ညှိနှိုင်းစီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် ဒေသဖွံ့ဖြိုးရေးကို ရေရှည်ဖော်ဆောင်မြှင့်တင်ပေးသွားမည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးအတွက်လည်း ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကျေးလက်ဒေသအဆင့်အထိ ပံ့ပိုးစီစဉ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

လက်တွေ့ကျကျဆောင်ရွက်

ထို့ကြောင့် မြို့နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်၏ ကူညီ ပံ့ပိုးမှုများမှတစ်ဆင့် ပြည်သူများအကျိုးကျေးဇူးရရှိခံစားနိုင်စေရအောင် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလို ကြောင်း။

ပေးအပ်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ မင်းလှမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။

(သတင်းစဉ်)



စီမံချက်များစနစ်တကျ ရေးဆွဲသတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း ဒေသအတွင်း အောင်မြင်ဖြစ်ထွန်းနိုင်မည့် ကြက်၊ဝက်၊နွား၊ဆိတ်၊သိုး စသည့် မွေးမြူရေးလုပ်ငန်းများကို မြို့နယ်အလိုက် တစ်မည်ကောင်း စီးပွားဖြစ် မွေးမြူသွားမှသာ ဒေသ၏ မွေးမြူရေးကဏ္ဍ သိသာစွာ တိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ဒေသနှင့်ကိုက်ညီသည့် တစ်မည်ကောင်း မွေးမြူရေးစံပြခြံ ထူထောင်နိုင်အောင် ဇဟိုအဆင့်မှ သုတေသနပြုဖော်ထုတ်ကာ မျိုးကောင်း ငါးရပ်ကိုပါ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ရည်မှန်းချက်တာဝန်ကိုယ်စီ

နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာများသည် ကျေးလက်ဒေသများ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် တာဝန်ရှိကြသလို

ဒေသဝမ်းစာဖူလုံရေး ဆန်စပါးစိုက်ပျိုးရေးတိုးမြှင့်၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များပံ့ပိုး မကွေးတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်စေရန် ဆီထွက်သီးနှံအမျိုးမျိုးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်

ဒေသဝမ်းစာဖူလုံစေရေးအတွက် ဆန်စပါးစိုက်ပျိုးရေး တိုးမြှင့်ဆောင်ရွက်ကြရာ၌ ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကို ဇဟိုမှ ပံ့ပိုးပေးပြီး မြို့နယ်အဆင့်တာဝန်ခံများက တောင်သူလယ်သမားများကို မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊စိုက်ပျိုးရေးနည်းစနစ်များ ပံ့ပိုးပေးခြင်း စသည့် ကူညီပံ့ပိုးမှုများဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ မြို့နယ်အဆင့်ကလည်း စံပြမွေးမြူရေးခြံထူထောင်ပြီး မျိုးပွားလျက် ဒေသခံ ပြည်သူများကို စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်လာစေရအောင် မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်း၊ မွေးမြူရေးနည်းစနစ်များ ဖြန့်ဝေခြင်း၊ ရောဂါကာကွယ်ရေး အစီအမံများ ဆောင်ရွက်ပေးခြင်းတို့ဖြင့် စနစ်တကျ အားပေးဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ဌာနအလိုက်လည်း ရည်မှန်းချက် တာဝန်ကိုယ်စီ သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက မိမိတို့၏ ရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း ပြည်သူများအကျိုးဖော်ဆောင်ပေးရေး ဟူသည့် တူညီသော ရည်မှန်းချက်ဖြင့် ဌာနအချင်းချင်း အပြန်အလှန် ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စုပေါင်း ဓာတ်ပုံရိုက်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များ ဩဂုတ် ၁၃ရက်က မင်းလှမြို့အခြေခံ ပညာအထက်တန်းကျောင်းမင်းလက်ဝါးခန်းမ၌ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။

(သတင်းစဉ်)

မကွေးတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးဖြစ်စေရမည်ဟု ရည်မှန်းချက်ပေးထားသည်နှင့်အညီ ပဲအမျိုးမျိုး၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများကို လက်ရှိအရှိန်အဟုန်ထက် လျော့ကျမသွားစေဘဲ တိုးမြှင့်ဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

အဓိက သီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်း ရည်မှန်းချက်ပြည့်မီစေရအောင် မြို့နယ်အလိုက် မိမိရေမြေသဘာဝ ရာသီဥတုနှင့် ကိုက်ညီသည့်

သစ်တောကဏ္ဍနှင့်ပတ်သက်၍လည်း ဒေသ၏ ရာသီဥတုနှင့် မြေအစိုဓာတ်ကို ထိန်းသိမ်းပေးထားသည့် သစ်တောကြီးများ ရေရှည်တည်တံ့စေရေးအတွက် မူလရှိပြီးသစ်တောကြိုးဝိုင်းများ၊ ကြိုးပြင်ကာကွယ်တောများကို ရှိသင့်ရှိအပ်သည့် အင်္ဂါရပ်များ ညီညွတ်ပြည့်စုံစေရအောင် စီမံချက်များ ချမှတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်တာဝန်ရှိသူများအနေဖြင့် အဓိကအားဖြင့် ကျေးလက်ဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

ဌာနဆိုင်ရာများအားလုံးက သူ့တာ ကိုယ့်တာ မခွဲခြားဘဲ စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ညှိနှိုင်းပေါင်းစပ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စုပေါင်းဆောင်ရွက်မှုဖြင့် မိမိတို့၏ အုပ်ချုပ်ရေးယန္တရားကို အစဉ်အမြဲ သွက်လက်ထက်မြက်စေပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ လူမှုရေးအသင်း

စာမျက်နှာ ၈ ကော်လံ ၁

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ်၁၃ရက်က မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အဖွဲ့များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုအားတို့ကို စည်းရုံးရယူလျက် ဒေသဖွံ့ဖြိုးရေးအတွက် ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းလှမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာညိုညိုဦးနှင့် တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းကြသည်။

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်မှသာ ပြည်ထောင်စုတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည် အခြေခံဒေသများဖွံ့ဖြိုးတိုးတက်စေရေး ဌာနဆိုင်ရာတာဝန်ရှိသူများ အလေးထားစီမံဆောင်ရွက်

နိုင်ငံမာမာဖြစ်ထွန်းလာ

ပြည်သူများအကျိုးကို ဖော်ဆောင်ပေးပြီး ပြည်သူများကို အထောက်အကူပြု ပံ့ပိုးပေးခြင်းအားဖြင့် ပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိလာသည်နှင့်အမျှ ဌာနဆိုင်ရာများနှင့် ပြည်သူများ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းမှုတို့ ခိုင်ခိုင်မာမာဖြစ်ထွန်းလာစေရအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

သို့ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ဌာနဆိုင်ရာ၏အား၊ ပြည်သူများ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အားတို့ကို ညီညွတ်စွာပေါင်းစည်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မင်းလှမြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆေးရုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျောင်း၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ ရက်က မကွေးမြို့ ပညာအလင်းခေတ်မီစာကြည့်တိုက်၌ ဖွင့်လှစ်ထားသော ကွန်ပျူတာအခြေခံသင်တန်းတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးမောင်ကြိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်တို့က မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၏ မာလ်တီမီဒီယာစာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မာလ်တီမီဒီယာစာသင်ခန်းများဖွင့်ပွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စွမ်းရည်ပြတင်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Language Lab, Computer Application Room, e-Learning Centre, Printed Media ရသပန်းချီ၊ ရသအနုလက်မှု၊ ရသအိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဂီတရသခန်း၌ ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက မြို့နယ်၏ ဖွဲ့စည်းထားမှု၊ လူဦးရေ၊ မြေသယံဇာတအခြေအနေ၊ အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထားမှု၊ ၂၀၀၃–၂၀၀၄ ခုနှစ် မိုးစပါး၊ နွေစပါးစိုက်ပျိုးရန် လျာထားချက်၊ စိုက်ပျိုးနိုင်မှုနှင့် ထွက်ရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်နေမှု၊ ဒေသဆန်နှင့်ဆီဖူလုံမှု၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အခြေအနေတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဗီဒီယိုနှင့်ကွန်ပျူတာပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် မလွန်မြို့ အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊စိုက်ပျိုးရေး၊မွေးမြူရေး၊သစ်တောလုပ်ငန်း၊ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်ချက်များမေးမြန်း စိစစ်ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် ကျေးလက်ဒေသများမှ အစပြုပြီး မြို့နယ်များ၊ ခရိုင်များ၊ ပြည်နယ်နှင့် တိုင်းများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှအစ နိုင်ငံတော် တာဝန်ရှိသူများကိုယ်တိုင် အခြေခံဒေသ ကျေးလက်များအထိ ကွင်းဆင်းပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်း၊ ကူညီပံ့ပိုးခြင်းများ ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

စုပေါင်းအားမာန်ဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်အောင် တစ်စိတ်တစ်ဝမ်းတည်းစည်းလုံးညီညွတ်စွာကြိုးပမ်းဆောင်ရွက်

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် အောက်ခြေအဆင့် တာဝန်ရှိသူများက နိုင်ငံတော်၏ ကူညီပံ့ပိုးမှု၊ ညွှန်ကြားစီစဉ်ပေးမှုများ လက်တွေ့ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်သကဲ့သို့ ပြည်နယ်၊ တိုင်း၊ ခရိုင်အဆင့်တို့ကလည်း ကြီးကြပ် ကြပ်မတ် ပေးရန်လိုကြောင်း။

မြို့နယ်အဆင့်တွင်လည်း မြို့နယ်ရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် သွားကြရမှာဖြစ်ကြောင်း။

စေတနာထားရှိမှု

ဌာနဆိုင်ရာတာဝန်ရှိသူများ၏ စည်းလုံးညီညွတ်မှု၊ ဝီရိယနှင့် စေတနာ အားထားရှိမှုတို့အပေါ် မြို့နယ်၏ဖွံ့ဖြိုးတိုးတက်ရေးသည် တည်မှီနေကြောင်း။

ဝိုင်းဝန်းကူညီ

မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်အောင်၊ မြို့အင်္ဂါရပ်များနှင့် ညီညွတ် ပြည့်စုံအောင်၊ မြို့စိမ်းလန်းစိုပြည်သာယာလှပအောင် မြို့တွင်းလမ်းများ ထိန်းသိမ်း ပြုပြင်မွမ်းမံခြင်း၊ သစ်ပင်ပန်းပင်၊အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ မြို့တွင်းစနစ် ကျနစွာ ရေပေးဝေခြင်း စသည့်လုပ်ငန်းများကို ပင်မတာဝန်ရှိသော စည်ပင် သာယာရေးအဖွဲ့က အဓိကကြိုးပမ်းဆောင်ရွက်ရမှာဖြစ်သကဲ့သို့ အခြားသော ဌာနဆိုင်ရာ အဖွဲ့အစည်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် မှာကြား လိုကြောင်း။

မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် မြို့နှင့်ကျေးလက် ဆက်စပ်လမ်းများ၊ ကျေးရွာချင်းဆက်လမ်း များကို ရည်မှန်းချက်ထားပြီး စနစ်တကျဖောက်လုပ်ပြုပြင် ထိန်းသိမ်းသွားရန် လိုကြောင်း။

ထို့အပြင် ကျေးရွာများတွင် စိုက်ပျိုးရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို စီမံချက်များချမှတ်ပြီး အဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ကျေးလက်ဒေသများ၏ ပညာရေးအခြေခံများ၊ ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှုအခြေခံများ မြှင့်တင်ဆောင်ရွက်ပေးသလို ပြည်သူများ၏ စိုက်ပျိုး ရေး၊မွေးမြူရေးစသော စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ပံ့ပိုး ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

သို့မှသာ ကျေးရွာများအားလုံး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်၏ ရည်မှန်းချက်များနှင့်အညီ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ မြို့နယ်များ၊ခရိုင်များ၊ ပြည်နယ်၊ တိုင်းများနှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်သဖြင့် အခြေခံဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်အရှိဆုံးဖြစ်သည့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက အလေးထားစီမံ ကြိုးပမ်းဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ရက်က မကွေးတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး စဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ် ၁၃ ရက်က မကွေးမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက် (e-Library)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ခေတ်မီစာကြည့်တိုက်

မကွေးမြို့ ပညာအလင်းခေတ်မီ စာကြည့်တိုက် (e-Library) ကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့ကြောင့် ဌာနဆိုင်ရာများအားလုံးက မိမိတို့သည် ပြည်သူများအား အလုပ်အကျွေးပြုရန်၊ ပံ့ပိုးကူညီပေးရန် နိုင်ငံတော်က ဖွဲ့စည်းထူထောင်ပေးထားခြင်းဖြစ်သည်ကို သိမြင်နားလည်ပြီး ပြည်သူ့အကျိုးကို ဆောင်ခြင်းအားဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရရှိပြီး မိမိတို့၏ ဌာနဆိုင်ရာလုပ်ငန်း များလည်း အောင်မြင်ဖြစ်ထွန်းမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်သူနှင့်ပူးပေါင်းလျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားရန်နှင့် လူမှုရေးအသင်း အဖွဲ့များ၏ စွမ်းအား၊ မိမိတို့ ဌာနဆိုင်ရာများ၏စွမ်းအားတို့ကို ဟန်ချက်ညီညီပေါင်းစပ်ပြီး မိမိတို့မြို့နယ် ဘက်စုံ ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေရအောင် တက်ညီလက်ညီပူးပေါင်း ဆောင်ရွက်သွားကြရန်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုပေါင်းဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုး တော်ဆောင်အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင် များသည် မကွေးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ မကွေးမြို့ ပညာအလင်းခေတ်မီစာကြည့်တိုက် (e-Library) ဖွင့်ပွဲအခမ်းအနားကို ညနေ ၆နာရီခွဲ တွင် အဆိုပါအဆောက်အအုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာအလင်းခေတ်မီစာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

Radio Free Asia အား လေ့လာခြင်း

Radio Free Asiaဟူသောစကားစုကို ဘာသာပြန်သော် အများအထင်တွင် အာရှဒေသ(တိုက်)၏ လွတ်လပ်သောရေဒီယို(သတင်းကြေညာချက်၊ သတင်းလွှင့်ချက်၊အသံ)ဟူ၍ ထင်မြင်ကြပေလိမ့်မည်။ Morphology ခေါ် စကားလုံးပုံသဏ္ဍာန်လေ့လာမှု(Linguistics)စကားလုံးဖွဲ့မှု၊ ဗန္ဓနဗေဒ ပညာရပ်ရှုထောင့်မှ ဘက်စုံကြည့်သော် Freeဟူသော စကားရပ်သည် လွတ်လပ်သောဟူသည့် အဓိပ္ပာယ်တစ်မျိုးတည်း မသက်ရောက်။ Freeဟူသော စကားရပ်သည် 'မစောင့်စည်းသော၊ချောင်သော'ဟူသော သဘောလည်း အဓိပ္ပာယ်သက်ရောက်ပေသည်။ ဥပမာဆိုကြပါစို့– I don't like him- he is too free in his behaviour and in his language ဟု သုံးစွဲ၍လည်းရသည်။ အဓိပ္ပာယ်က 'ကျွန်ုပ်သည် သူ့အားမနှစ်မြို့ချေ၊ သူသည် အပြောအဆို(ဝစီကံ)နှင့် အပြုအမူ(ကာယကံ)တို့တွင် မစောင့်စည်း၊ လက်လွတ်စပယ်ပြုမူလုပ်ကိုင် ဆောင်ရွက်၍ ဖြစ်သည်'ဟု အဓိပ္ပာယ်သက်ရောက်သည်။

Radio Free Asia (RFA)သည် တကယ်တော့ လွတ်လပ်သောအာရှရေဒီယိုမဟုတ်ချေ။ ၎င်း၏နောက်ကွယ်မှ ကြိုးကိုင်ထားသော(နဖားကြိုးထိုးထားသော)လူတစ်စု၏ ကြိုးဆွဲရာ ကနေရရှာသည့် "မလွတ်လပ်သောထားရာနေ–စေရာသွား–ပေးတာယူ–ခိုင်းတာလုပ်–ပြန်မပြောနဲ့–လက်ဝေခံ"တို့ စုဝေးလှုပ်ရှားနေသည့် "လေပုပ်ထုတ်ဆေးခါးကြီး" ဖြစ်နေခဲ့သည်မှာ ကြာညောင်းခဲ့ချေပြီ။ အဘယ်ကြောင့်နည်း။ **IT နည်းပညာရပ်တွင် အထက်စီးရ၊ မီဒီယာလောကကို အပိုင်စီး၊ ငါနှင့်ငါသာ နိုင်းစရာဟု ခံယူထားကြသည့် မဟာအင်အားကြီးနိုင်ငံ (ဗိုလ်ကျ စိုးမိုးရေးဝါဒီ)တို့၏ မသဒ္ဓါရေစာ၊ ပေးကမ်းစွန့်ကြဲစာကလေးဖြင့် စိတ်ထဲက ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အော်ဟစ်နေရသည့် အစာဟောင်း စွန့်ရာ အပေါက်သဖွယ်ဖြစ်နေသောကြောင့်ပင် ဖြစ်ပေသည်။** ဤမျှလောက်ဖြင့်ပင် RFA၏အတွင်းသရုပ် ပီပြင်လောက်ပြီဟု ယူဆပေသည်။ အမျိုးဘာသာ၊ သာသနာကိုစောင့်ရှောက်သည့် ဝံသာနုရက္ခိတတရား ရှိသူတို့က ပိုမိုခံစား သဘောပေါက် နားလည်ကြပေမည်။

မြန်မာမှုတွင် **'မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုးတော့ သဒ္ဓါ'** ဟူသော စကားရပ်သည်လည်းကောင်း၊ **'သူခိုးက လူလူဟစ်သည်'** ဟူသော စကားရပ်သည်လည်းကောင်း၊ **'ယာလည်းညက်စေ၊ ကြက်လည်းမောစေ'** ဟူသော စကားရပ်သည်လည်းကောင်း၊ **'သူခိုး ဓားရိုးကမ်းသည်'**ဟူသော စကားရပ်သည်လည်းကောင်း၊ **'ဘေးထိုင်–ဘိုင်ကျ–ဘုပြောသည်'**ဟူသော စကားရပ်သည်လည်းကောင်း၊ **'ကြွက်မနိုင် ကျီ မီးနဲ့ရှို့'၊ 'အိမ်ကြက်ချင်း အိုးမဲသုတ်သည်'** ဟူသော စကားရပ်သည်လည်းကောင်း ရှိပေသည်။ ထိုစကားရပ်အသီးသီးတို့သည် မြန်မာ့နိုင်ငံရေးသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုအစဉ်တစ်လျှောက်လုံးတွင် ပြည်တွင်း အမျိုးသား မျိုးချစ်အင်အားစုအပေါ် ဘက်စုံ၊ လက်ကုန်အောင် သစ္စာဖောက်သည့် အမျိုးသားသစ္စာဖောက်နှင့် ၎င်းသစ္စာဖောက်တို့အား လက်ကသုံးတောင်ဝှေးပြု၍ ပြည်တွင်းရေးကို ခြယ်လှယ်လိုသည့် ပြင်ပအင်အားစုတို့ အတိုင်အဖောက်ညီညီ ပြုမူဆောင်ရွက်ကြသည့် အမျိုး၊ ဘာသာ၊ သာသနာဖျက်သော လုပ်ကြံမှုကြီး (The great conspiracy) များကို ကာလ၊ ဒေသ၊ ပယောဂ အခြေအနေကို လိုက်၍ ထင်ဟပ်ယူနိုင်သည့်၊ ပုံခိုင်းနှိုင်းအပ်သည့် စကားရပ်များပင် ဖြစ်နေပေတော့သည်။

ဥပမာ– **"ငြိမ်းခါနီး ထတောက်သော ဖယောင်းတိုင်(မီးတိုင်)"**ဆိုသကဲ့သို့ ဗမာပြည်ကွန်မြူနစ်ပါတီ ဇာတ်သိမ်းခန်းလို မိုင်းယန်းတိုက်ပွဲကြီးနှင့် ပုံခိုင်းနှိုင်း၍ ရသည်။ စိပ်ပုတီး လည်ပင်းဆွဲပြီး နိုင်ငံရေးကို မငြိငွေ့သေးသော အာဏာရမ္မက်ငမ်းငမ်းတက် ဘိုးဘိုးကြီး၏ ၁၉၈၈ လုပ်ရပ်နှင့်လည်း ပုံခိုင်းနှိုင်း၍ ရသည်။ အလားတူ စိန်နားကပ် အရောင်ဖြင့် ပါးပြောင်နေသော နိုင်ငံရေးပင်ကို အရည်အသွေး တစ်စုံတစ်ရာ မရှိသည့် "ထိုသူတို့၏ ဘဝသရုပ်နှင့်လည်း ထုတ်နုတ်ခိုင်းနှိုင်းပြသ၍ ရသည်။ သမိုင်းဖြစ်စဉ်ဖြစ်ရပ် သာဓကများ အများအပြားပင်ရှိသည်။"

ကျွန်ုပ်တို့ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် Five Principles of Peaceful Coexistence ခေါ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အမြော်အမြင်ကြီးမားသော အခြားကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် ချမှတ်ကျင့်သုံးခဲ့သည်မှာ ရာစုနှစ်တစ်ဝက်ပင် ကျော်ခဲ့လေပြီ။ အဆိုပါမူကြီး(၅)ရပ်တွင် **"တစ်ပါးသူ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ခြင်း မပြုအပ်"**ဟူသော နိုင်ငံခြားရေးမူဝါဒ၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသော မူကြီးတစ်ရပ် ပါရှိသည်။ အဆိုပါမူအပါအဝင် အခြားသောမူကြီး (၄)ရပ်သည်လည်း တစ်ရပ်နှင့်တစ်ရပ် အပြန်အလှန် ကြောင်းကျိုးပြု၍ ငြိမ်းချမ်းသော လူသားကမ္ဘာ၊ စည်ပင်ဖွံ့ဖြိုးသော လူသားကမ္ဘာ၊ ဗြဟ္မစိုရ်တရားနှင့် လောကပါလတရားများ ထွန်းကားသော လူသားကမ္ဘာသို့ ဦးတည်ရာအပြုသဘောချည်းပင် ဖြစ်သည်။ မျက်မှောက်ကမ္ဘာ့အခြေအနေသည်လည်း ငြိမ်းချမ်းရေးနှင့် စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း၏ ယေဘုယျတူရူပြုရာ အခြေအနေလည်းဖြစ်သည်။

RFA ၏ မိုးလုံးပြည့် မုသာဝါဒစကားများက မထိရောက်၊ အန္တရာယ်မရှိဟု နှလုံးပိုက်ထားလင့်ကစား ဟောင်လွန်းတော့လည်း အိပ်ရေးပျက်သည်၊ အိပ်ရေးပျက်သဖြင့် ၎င်းခွေးကို လေးခွ၊ ကျောက်ခဲ၊ တုတ်ချောင်းတို့ဖြင့် ပစ်ပေါက်ပါက ခွေးနှင့်ပြိုင်၍ မိုက်မဲရာ ကျလေရော့ထင့် ဟူ၍ တုဏှိဘာဝေဆိတ်ဆိတ်နေခဲ့သည်။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်စေနှင့် ဟူသော သူတော်ကောင်းတရား လက်ကိုင်ထား၍ နိုင်ငံရေး ပဋ္ဌသီ (နိုင်ငံရေး ငါးပါးသီလ)ကို လုံခြုံစွာ စောင့်ထိန်းခဲ့သည်။ နိုင်ငံက သေးငယ်လင့်ကစား နိုင်ငံရေးဂုဏ်သိက္ခာအမြင့်ဆုံး၌ ထားရှိသည်။ သို့သော်လည်း မပြောမပြီး မတီးမမြည်'ဆိုရေးရှိက ဆိုအပ်စွ' ဟူသော အချိန်ကား လိုအပ်သည်ထက်ပင် ပိုခဲ့ပြီ။ ထို့ကြောင့် As a colourless citizen objectivist– နိုင်ငံရေးအသွေးအရောင်မရှိသော ဓမ္မဓိဋ္ဌာန်ဝါဒီ၊ ယထာဘူတိကဝါဒီ နိုင်ငံသားတစ်ဦးအနေဖြင့် နားမချမ်းသာ၍ မတတ်သာလွန်း၍ ဤသို့တင်ပြရခြင်းဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။

'အမှားသည် ကြာလျှင် အမှန်ဖြစ်သည်၊ နှဲ့ပါများတော့လှုပ်သည်'ဟူသော နည်းဗျူဟာ Protracted war of psychological propaganding and agitation–ဟူသော စိတ်ဓာတ်ရေးစစ်ဆင်မှုသည် စစ်ပွဲများဖြစ်နေသည့်ကာလတွင်သာမဟုတ်၊ စစ်အေးကာလတွင်လည်း ထိရောက်သော ဗျူဟာတစ်ရပ်ဖြစ်သည်။ ဤနည်းဗျူဟာကို ၁၉၆၇ အရေးအခင်းတွင် ဗကပတို့ အသုံးချခဲ့သည်။ အလားတူ ၁၉၈၈ အရေးအခင်း ကနဦးကာလတွင် မင်းမဲ့ဝါဒီတို့က 'ဒီမိုကရေစီ'ဟူသော လက်သုံးစကားကို သရုပ်ပျက်သုံးစွဲ၍ ထိုးနှက်ခဲ့သည်။ ယခုလည်း ဤထိုးနှက်ချက်လို လေထဲတွင် (Momentum)အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း၍ 'မြန်မာစစ်အစိုးရ' ခေါင်းစဉ်တပ်၍ ထိုးနှက်ခဲ့သည်မှာ ဘက်ပေါင်းစုံကဖြစ်သည်။

ဗလမင်းထင်

တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် အရေးအခင်းကို အကြောင်းပြု၍ သမိုင်းပေးတာဝန်အရ နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရသည်။ နိုင်ငံတော် အာဏာကိုမက်၍မဟုတ်၊ မလွှဲမရှောင်သာသော အခြေအနေအရပ်ရပ် (Pre-requisites for the energence of peace and development, law and order) ကြောင့်ဖြစ်သည်။ ထိုသို့ တာဝန်ယူခဲ့ရုံသာမက တစ်ဖက်က တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အများပြည်သူ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး မျက်နှာစာ

IT နည်းပညာရပ်တွင် အထက်စီးရ၊ မီဒီယာလောကကို အပိုင်စီး၊ ငါနှင့် ငါသာ နိုင်းစရာဟု ခံယူထားကြသည့် မဟာအင်အားကြီးနိုင်ငံ (ဗိုလ်ကျစိုးမိုးရေးဝါဒီ) တို့၏ မသဒ္ဓါရေစာ၊ ပေးကမ်းစွန့်ကြဲစာကလေးဖြင့် စိတ်ထဲက ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ အော်ဟစ်နေရသည့် အစာဟောင်းစွန့်ရာ အပေါက်သဖွယ် ဖြစ်နေသောကြောင့်ပင် ဖြစ်ပေသည်။

အသီးသီးတွင် ထူးထူးကဲကဲ နေ့ညမအား ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ကမ္ဘာကျော် အောင်ပွဲခံနိုင်ခဲ့သည်အထိ သိမ်သိမ်မွေ့မွေ့ ပါးပါးနပ်နပ် စေတနာအရင်းခံ၍ ဖြေရှင်းဆောင်ရွက်ခဲ့ရသည်။ သုညအမှတ်အောက် ရောက်နေသော စီးပွားရေးကို ပြန်လည်ဦးမော့လာစေသည်သာမက နှစ်စဉ် G.D.P တိုးတက်မှုနှုန်းကို တဖြည်းဖြည်းတိုးတက် မြင့်မားလာအောင် ဆောင်ရွက်ခဲ့သည်။ ဆိုရှယ်လစ်စနစ်(ဗဟိုချုပ်ကိုင်သော) အထွေထွေနိုင်ငံရေး လူမှုအဆောက်အအုံမှသည် ပြည်သူတို့၏ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ခွင့်တည်းဟူသော ဒီမိုကရေစီအတွင်းသရုပ်ကို အကောင်အထည်ဖော်ရာတွင် Interim period ဟူသော အသွင်ကူးပြောင်းရေးကာလတစ်ရပ်ကို မကျော်ဖြတ်ဘဲ မည်သည့် ပါတီ၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းကမှ ဆောင်ရွက်၍ မရချေ။ ဆောင်ရွက်လျှင်လည်း ခေတ္တခဏသာခံ၍ ပြန်ပျက်သွားမည်သာ ဖြစ်သည်။

"နိုင်ငံရေးသည် လူမှုသိပ္ပံ၏ အမြင့်ဆုံးတရားဖြစ်သည့်" အားလျော်စွာ သိမ်မွေ့နက်နဲ ကျယ်ပြောလှပေသည်။ နိုင်ငံရေးသည် လူ့အရေး၊ လူ့ကိစ္စဖြစ်၍ **"ကိစ္စမြားမြောင် လူတို့ဘောင်"** ဟူသော ဆိုစကားအရလည်းကောင်း၊ **'လူတစ်ခုပူမှုရယ်ကဆယ်ကုဋေ'** ဟူသော ဆိုစကားအရလည်းကောင်း၊ ယင်းဆိုစကားတို့ကို ဆင်ခြင်နိုင်လျှင်ပင် တိုင်းပြည်တစ်ပြည်၏ အရေးအရာကိစ္စအဝဝကို တာဝန်ယူထားသူ ပုဂ္ဂိုလ်တို့အဖို့ မည်မျှတာဝန်ကြီးကြောင်း သိလောက်ပြီ။ ဝေဖန်လေကန်ရသူတို့အဖို့ ပါးစပ်ကလွဲ၍ ဘာအရင်းအနှီးမျှ စိုက်ရန်မလို။ သို့သော် **'သခွပ်ပင်က မီးတကျည်ကျည်'**၊ **'မစားရတဲ့အမဲ သဲနဲ့ပက်'** ဟူသော ဆိုထုံးစကားအရ **"မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးထိုးဖောက်ရန် ထာဝရ ဆင်ကြံ ကြံစည်နေသည့်"** လူအုပ်စုမျိုးများအား ချဉ်းကပ်ပြီး Sphere of political influrence နိုင်ငံရေးဩဇာ နယ်ပယ်ချဲ့ထွင်သော ပြည်ပပယောဂတို့က မြန်မာနိုင်ငံ၏ တပ်မတော်အစိုးရအနေဖြင့် မည်သို့ပင်ကောင်းအောင် လုပ်သည်ဖြစ်စေ အမျိုးမျိုးဝေဖန်အပုပ်ချ၍၊ မျက်မှန်စိမ်းတပ်၍ အဆိုးမြင်ဝါဒဖြင့် ကြည့်သည်။ ဓမ္မဓိဋ္ဌာန် ရှုမြင်ခြင်းမပြုတော့ချေ။

၎င်းတို့သည် အာဏာရယူလိုသော ငမ်းငမ်းတက်(တဏှာ)၊ ထိပ်ဆုံးရောက်နေသော (မာန)၊ ငါတို့တက်မှ ဒီနိုင်ငံကောင်းစားမည်ဟူသော (အတ္တ)။ ဤ "တဏှာ၊ မာန၊ အတ္တ" တည်းဟူသော "အောက်ကို ဆွဲဆွဲချနေသည့်တရား"သဘောကို မစောကြော မဆင်ခြင်နိုင်ဘဲ ပြည်သူနှင့်တစ်စတစ်စ၊ မြန်မာ့နိုင်ငံရေးဘဝနှင့် တစ်စထက်တစ်စ ကင်းကွာလျက်ရှိနေပေတော့သည်။ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားရာတိုင်းပြည်ဖြစ်သည်။ ဘာသာရေးနှင့်နိုင်ငံရေးတို့၏ သဘာဝသည် လောကီရေးနှင့်လောကုတ္တရာရေးဖြစ်၍ သဘောသဘာဝချင်း ခြားနားသည်ကားမှန်၏။ သို့သော် Law of social development တည်းဟူသော လူ့ဘောင်သမိုင်း၏ ပြောင်းလဲရေးအစဉ်တရားတွင် Infrastructure (Economic base)ခေါ် စီးပွားရေးအခြေခံအဆောက်အအုံနှင့် လိုက်ဖက်ညီသည့် Appropriate ideology, Superstructure သည် လူ့အဆောက်အအုံတိုင်းတွင် ဒွန္တတရား (Nature of dialectics)အရ ဖွဲ့စည်းဖြစ်တည်ရသည့် အားလျော်စွာ ဘာသာရေး၏ကောင်းမြတ်သော အဆိုအမိန့်များက တစ်နည်းနည်းနှင့် နိုင်ငံရေးအပေါ် ကြောင်းကျိုးဆက်စပ်လျက် ရှိပေသည်။ ဆိုလိုသည်မှာ မြန်မာ့တပ်မတော်ခေါင်းဆောင်များသည် စစ်ယူနီဖောင်းဝတ်ထားသဖြင့် ခက်ထန်ကြမ်းတမ်းသည်၊ စစ်ဝါဒီများဖြစ်သည်ဟု ထင်မှတ်မှားလျှင် တကယ်တကယ်စင် လွဲမှားပေလိမ့်မည်။ ဗုဒ္ဓဝါဒီများဖြစ်၍ ယဉ်ကျေးသိမ်မွေ့သည်။ မလွှဲသာ၍သာ နိုင်ငံတော်တာဝန်ကို ယူထားရခြင်းဖြစ်သည်။ အမှန်မှာ "ချိုးဖြူငှက်ကိုကိုင်စွဲထားသော လူမှုတိုးတက်ရေးဝါဒီများ" ဖြစ်သည်။ သို့ဖြစ်၍ RFA အပါအဝင် BBC နှင့် VOA ဟူသည့် မြန်မာ့နိုင်ငံရေးဘဝ၏ ရှိဖြစ်တရားအပေါ် အဖျက်အမှောင့်ပေါင်းစုံဖြင့် ထိုးနှက်နေသော ဝေဖန်ရေးသမားတို့အား ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်မြန်မာတို့ ခံယူကျင့်သုံးအပ်သော အောက်ပါဝေဖန်ရေးမှု (၅)ချက်ကို အသိပေး၍ သတိပြုကြပါကုန်ဟု မေတ္တာနှင့် ယှဉ်သော စကားကို ဆိုအပ်ပါသည်။

"အင်္ဂုတ္တနိကာယ်၊ ပဉ္စကနိပတ်၊ အာဃာတဝဂ်၊ စောဒနာသုတ်ပါ ရှင်သာရိပုတ္တရာ၏ မိန့်ဆိုချက်"

"ငါ့အရှင်တို့၊သူတစ်ပါးအား စောဒနာလိုသော ရဟန်းသည် ဤတရား(၅)ပါးတို့ကို မိမိသန္တာန်၌ ဦးစွာဖြစ်ပေါ်စေပြီးမှ သူတစ်ပါးကို စောဒနာရာ၏။"

"အဘယ်တရား(၅)ပါးတို့နည်း ဟူမူ"---

(၁) လျောက်ပတ်သောအခါ၌သာဆိုအံ့၊ မလျောက်ပတ်သောအခါ၌ မဆိုအံ့။
(၂) ဟုတ်မှန်သောစကားဖြင့်သာဆိုအံ့၊ မဟုတ်မမှန်သော စကားဖြင့် မဆိုအံ့။
(၃) နူးညံ့သောစကားဖြင့်သာဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့် မဆိုအံ့။
(၄) အကျိုးဖြင့်စပ်သောစကားဖြင့်သာဆိုအံ့၊ အကျိုးဖြင့် မစပ်ယှဉ်သော စကားဖြင့် မဆိုအံ့။
(၅) မေတ္တာစိတ်ရှိသည်ဖြစ်၍ ဆိုအံ့၊ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆိုအံ့။

(မှတ်ချက်။ ။ စောဒနာ=တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အပြစ်တင်ခြင်း၊ ဝေဖန်ခြင်း ဟူသော အဓိပ္ပာယ်ရပါသည်။)

ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ တပ်မတော်ခေါင်းဆောင်များသည် မိမိတို့ သွေးချင်းဖြစ်သော တိုင်းရင်းသားလူမျိုးများအပေါ်တွင် အထူးပင်ပြောစရာမလိုအောင် စိတ်ရှည်၊ သည်းခံ၊ ခွင့်လွှတ်၍ နာယကဂုဏ်နှင့်အညီ စောင့်စည်းမှုများဖြင့် ဆောင်ရွက်ခဲ့သည့် သာဓကအများအပြားရှိသည်။ မြန်မာနိုင်ငံသားတိုင်းရင်းသားများအပေါ်၌ပင် မဆိုထားဘိ၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံပြောဆိုလုပ်ကိုင်ရာ၌ပင်လျှင် နူတ်စောင့်စည်း၍ ဆက်ဆံခဲ့သည့် သာဓက အများအပြားပင်ရှိသည်။ ဤသည်ကား **"ချစ်စကိုရှည်စေ၊ မုန်းစကိုတိုစေ"**ဟူသော သဘောထား၊ **"ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်"** ဟူသော သဘောထား၊ **"သည်းခံခွင့်လွှတ် စိတ်ရှည်သည့် သဘောထား"**တို့ဖြင့် နူးညံ့သိမ်မွေ့စွာ ဆက်ဆံခဲ့ခြင်းများပင် ဖြစ်သည်။

သို့ပင်ဖြစ်ငြားလည်း အထက်ပါဝေဖန်ရေးမှု (၅)ချက်တို့၏ မြင့်မြတ်နက်နဲမှုနှင့် ဆန့်ကျင်၍ RFA, VOA, BBCတည်းဟူသော မိုးလုံးပြည့်မုသာဝါဒီများစုစည်းရာ အဝန်းအဝိုင်း၌ ပါဝင်ပတ်သက်လှုပ်ရှားနေကြသူတို့သည် အနောက်တိုင်း နိုင်ငံရေးအတွေးအခေါ်တစ်ရပ်က ဖော်ပြခဲ့ဖူးသည့် "Politics is the refuge of scoundrels" နိုင်ငံရေးဟူသည် လူဆိုး သူခိုးတို့၏ ခိုကိုး (ခိုလှုံ–မွေ့လျော်)ရာ ဖြစ်သည်ဟူသော ဆိုစကားနှင့် ကိုက်ညီစွာ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့် ထုတ်လွှင့်သူများ၊ အရှက်တရား၊ သိက္ခာတရား မြူတစ်မှုံမျှ မရှိသူများ ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း။ မြန်မာ့တပ်မတော်အစိုးရ ဆောင်ရွက်နေသည့် တိုင်းကျိုးပြည်ပြု၊ လုပ်ငန်းရပ်များအပေါ် ယထာဘူတကျကျ၊ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်မှုမပြု၊ တစ်လုံးတစ်ပါဒမျှ အကောင်းမပြောနိုင်ကြခြင်းကြောင့် ဖြစ်ပေသတည်း။ အမှန်တရားကို ဖုံးကွယ်ထားကြသည်။ **"မိမိ၏ ကံ–ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာမည်"** ဟူသောစကားဖြင့် သူတစ်ပါးအကြောင်းမကောင်းဝေဖန် လုပ်ကြံအပုပ်ချ ပြောဆိုနေသူသည် တရွေ့ရွေ့နှင့် တစ်နေ့နေ့ ကိုယ့်ကိုယ်ကို ပြန်ထိလိမ့်မည်ဖြစ်ကြောင်း "ဒေါ်လာစား ရုပ်သေးများ"အား ကရုဏာရှေ့ထား၍ ရေးသားလိုက်ရပါသည်။ ။

စာမျက်နှာ ၉ မှ

အစီအစဉ်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းတို့က မကွေးမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက် (e-Library)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက် (e-Library) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မကွေးမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက်၌ ဖွင့်လှစ်ထားသော ကွန်ပျူတာအခြေခံသင်တန်း၊ Internet ဆက်သွယ်မှု၊ ပညာရေး၊ကျန်းမာရေး၊ယဉ်ကျေးမှု စသည့် ဝိဇ္ဇာသိပ္ပံပညာရပ်ဆိုင်ရာ စီဒီရွမ်များနှင့် ယင်းပစ္စည်းကိရိယာများနှင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများ အသုံးပြုလျက် ကျောင်းသားကျောင်းသူများ၊ ပညာရှာမှီးသူများ လေ့လာဆည်းပူးနေမှုကို ကြည့်ရှုအားပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် ဦးတင်မောင်ဦးက မကွေးတက္ကသိုလ်၏ သင်ကြားစီမံကိန်းစီမံကိန်းရပ်များကို ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးစန်းဝေက မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်မဆောင်တည်ဆောက်ခြင်းလုပ်ငန်းကို ဗိသုကာပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

တည်ဆောက်ရေးလုပ်ငန်းကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် ပင်မဆောင်တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံးသို့ရောက်ရှိကြရာ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်ထွေးနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ရုံးအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ နတ်မောက်ရိပ်သာသို့ရောက်ရှိကြသည်။

အလှူငွေများပေးအပ်

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ မြသလွန်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ နတ်မောက်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အလှူငွေများ ပေးအပ် လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၁၃ရက်က မကွေးမြို့ မြသလွန်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်အစည်းအဝေး ဝန်ကြီးဗိုလ်မှူးချုပ်ပြည်စိုး တက်ရောက်အမှာစကားပြောကြားဆုများချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည်စိုးသည် ယမန်နေ့နံနက်၁၁နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရုံးချုပ်၌ကျင်းပသော မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ် အထွေထွေအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ဥက္ကဋ္ဌဦးမင်းလှအောင်၊ အထွေထွေမန်နေဂျာများ၊ လီမိတက်မှ တာဝန်ရှိသူများ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ မြဝတီထရေးဒင်းလီမိတက်၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ဆုရရှိကြသူများ တက်ရောက်ကြပြီး သဘာပတိမြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်ဥက္ကဋ္ဌ ဦးမင်းလှအောင်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ပြည်စိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်သိန်းက လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို အထွေထွေမန်နေဂျာဦးသောင်းမြင့်ကလည်းကောင်း၊ အမြတ်ငွေခွဲဝေမှုနှင့် ဆုကြေးငွေများ ခွဲဝေပေးမှုကို အခမ်းအနားမှူးကလည်းကောင်း ဖတ်ကြားအတည်ပြုကြသည်။

ထို့နောက် ၂၀၀၄–၂၀၀၅ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်သိန်းကဖတ်ကြားပြီး သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက်၂၀၀၃–၂၀၀၄ဘဏ္ဍာနှစ်အတွင်း ငွေတန်ဖိုးပမာဏအများဆုံး လုပ်ငန်းအပ်နှံအကျိုးပြုခဲ့သော အဖွဲ့အစည်းများအား ဝန်ကြီးဗိုလ်မှူးချုပ်ပြည်စိုးက ဆုချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်ပြိုင်ပွဲ ဆုရသူများ ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၄

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်သက်ဇင်နှင့်ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်သက်ဇင်၊ ဒဂုံမြို့နယ် ပညာရေးမှူး ဦးဝင်းလှုံထိန်နှင့် ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်တို့က ကျောင်းကျန်းမာရေးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။**(ယာပုံ)**

ယင်းနောက်ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်သက်ဇင်နှင့် တာဝန်ရှိသူများသည် ကျောင်းကျန်းမာရေးပြခန်းကို လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း FishGardenတည်ဆောက်မှုကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး၏ Education Zone ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန Fresh Water Fish Garden တည်ဆောက်မှု ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် ဝန်ကြီးက ကွန်ပျူတာဆလိုက်ဖြင့် လိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် Fish Gardenတည်ဆောက်မှု၏ မိကျောင်းနှင့် လိပ်များပြသမည့် ကန်များအချောသပ်တည်ဆောက်နေမှု၊ ဥမင်ပြကွင်းပြကွက်များ တည်ဆောက်နေမှုနှင့် ရေတံခွန်ငယ်များ တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှု ဆက်တိုက်အကောင်အထည်ပေါ်လာစေရေး၊ အရည်အသွေးပြည့်ဝသော ပညာပေးပြကွင်းပြကွက်နှင့်အပန်းဖြေဥယျာဉ်တစ်ခုဖြစ်ပေါ်ရေး ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

မိုးရာသီတံခွန်စိုက်ခြင်းလုံးခတ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် မိုးရာသီတံခွန်စိုက် ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ခြင်းလုံးရုံပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကျင်းပရေးနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။ အစည်းအဝေးတွင် သဘာပတိအဖွဲ့ချုပ်နာယက ဒုတိယရဲမှူးကြီးဝင်းမြင့်က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဗိုလ်မှူးမောင်တင့်(ရေ)၊ အတွင်းရေးမှူး ဦးခင်မောင်မြင့်နှင့် တွဲဖက်အတွင်းရေးမှူး ဦးမျိုးမြင့်တို့က မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် ပြိုင်ပွဲများ၊ ငွေစာရင်းများ၊ အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ကျင်းပမည်

ထို့နောက် တက်ရောက်လာကြသည့် အမှုဆောင်များက အကြံပြုဆွေးနွေးကြပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကကြီးမှူး၍ မိုးရာသီတံခွန်စိုက်ခြင်းလုံးခတ်ပြိုင်ပွဲနှင့်ခြင်းလုံးရုံပေါင်းစုံ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၀ရက်နှင့် ၂၁ရက်တို့တွင် ရန်ကုန်မြို့ အောင်ဆန်းကွင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရန်ဆုံးဖြတ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–ကနေဒါချစ်ကြည်ရေးလက်ရည်စမ်းပွဲ အဖွဲ့ချုပ်လက်ရွေးစင်အသင်း သုံးပွဲပြတ်နိုင်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အမျိုးသားအသင်းနှင့် ကနေဒါနိုင်ငံ အေအိုင်အေ အမျိုးသား ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေး လက်ရည်စမ်းဘော်လီဘောပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီက လူငယ် အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) တွင် စတင်ကျင်းပရာ အဖွဲ့ချုပ်လက်ရွေးစင်အမျိုးသားအသင်းက သုံးပွဲပြတ်ဖြင့်အနိုင်ရရှိသည်။

ပြိုင်ပွဲမစမီ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူပြီးနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် နှစ်ဖက်အသင်းမှ တာဝန်ရှိသူများက အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲကို စတင်ကျင်းပရာ စပေးဘောကို ကနေဒါမှ စပေးရပြီး အမှတ်ရယူရာတွင် မြန်မာအသင်းက တစ်မှတ်ဖြင့် ဦးဆောင်ကစားသည်။ မြန်မာအသင်း တိုက်စစ်ရိုက်အားကောင်းမှု၊ ပင့်ထောင်မှု မှန်ကန်မှုနှင့် ပိတ်ဆို့မှု ကောင်းမွန်ခြင်းတို့ကြောင့် ပထမပွဲအပြီးတွင် အဖွဲ့ချုပ်လက်ရွေးစင် အသင်းက ကနေဒါအသင်းကို ၂၅ မှတ်–၁၉မှတ်ဖြင့် ပြိုင်ပွဲကို ဦးဆောင်ထားသည်။

ဒုတိယပွဲတွင် ကနေဒါ အမှတ်စတင်ရယူသော်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်းက အသာစီးမှပြန်လည်ကစားသွားပြီး ဒုတိယပွဲအပြီးတွင် ၂၅မှတ်–၁၃မှတ်ဖြင့် အနိုင်ရရှိသည်။ တတိယပွဲတွင် အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ၂၅မှတ်–၂၀မှတ်ဖြင့် အနိုင်ရကာ အဖွဲ့ချုပ်လက်ရွေးစင်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် ခင်မောင်တိုးဦးဆောင်ပြီး စိုင်းညီလေး၊ ကျော်စိုးအောင်၊ ကျော်ဆွေ၊ တင်ဝင်းအောင်၊ ကျော်ဇင်ဝင်းထွဋ်၊ ကျော်စွာဝင်း၊ ဇော်လင်းဦး၊ ဝင်းမင်းထွန်း၊ ဉာဏ်လင်းအောင်၊ စောဟိန်းသူနှင့် ရဲမင်းအောင်တို့ပါဝင်ကြသည်။

ဩဂုတ် ၁၆ ရက်

အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)တွင် အဖွဲ့ချုပ်လူငယ်အသင်းနှင့် ကနေဒါနိုင်ငံ အေအိုင်အေအသင်း။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လက်ရွေးစင်အမျိုးသားအသင်းနှင့် ကနေဒါနိုင်ငံ အေအိုင်အေ အမျိုးသားဘော်လီဘောအသင်းတို့ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဧည့်သည်တော်များ ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

နိကာယ်စာမေးပွဲအောင်စာရင်းထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၄ ခုနှစ် (၁၂)ကြိမ်မြောက် နိကာယ်စာမေးပွဲကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၆၄ ဌာနတို့၌ ဇွန် ၇ ရက်မှ ဇွန် ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

(၁၂)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း အပြည့်အစုံကို နိကာယ်စာမေးပွဲ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့
(ဥပုသ်နေ့)
၁၅–၈–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၅	၇။	ရွှေလီတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Islands of Dhamma
၈း၅၀	၁၀။	ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဃောသိတာရာမတိုက် ထားဝယ်မြို့မှ နဝင်္ဂဥပေါသထသီလခံယူ ဆောက်တည်ခြင်း

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၄၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း–၁၈)
၁၂း၂၀	၅။	လားရှိုးခရိုင် နမ့်ပေါင်ကျေးရွာ ဆင်းရွှေလီစပါးစိုက်ပျိုးခြင်း
၁၂း၃၅	၆။	မြန်မာဗီဒီယိုဇာတ်လမ်း **"ချစ်မိလေသောကြောင့်"** လူမင်း၊ ကြည်လဲ့လဲ့ဦး၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–မျိုးထူး)
၁၄း၃၀	၇။	ဖောင်းကတော ရေလျောင်တမံ
၁၄း၄၅	၈။	International News

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	အမှတ်(၃) အခြေခံပညာဦးစီးဌာန ၂၀၀၃–၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော်(ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ(ဒုတိယဆု)(အထက–၁၊ဒဂုံ)(အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၁၇း၀၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ–ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၃၀	၆။	တေးဂီတအစီအစဉ်
၁၈း၄၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀	၈။	ညနေခင်းသတင်း
၁၉း၀၀	၉။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း–၆)
၁၉း၃၅	၁၁။	စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၄၅	၁၂။	ထုထည်ကြီးမား ထင်ရှားကေန်ဓမ္မရုံ
၂၀း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသောအချစ်"** (အပိုင်း–၁၆)
	၁၇။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်၊ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကိုဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

သာသနာ့ဗိမာန်ရိပ်သာ (အင်းစိန်) ဝါတွင်း(၁၀)ရက်တရားစခန်းကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

အင်းစိန်မြို့နယ်အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်ဩဝါဒခံ သာသနာ့ဗိမာန်ရိပ်သာတွင် သာသနာ့ဗိမာန်ရိပ်သာ ပဓာန နာယကနှင့် မဟာစည် နာယကဆရာတော် ဘဒ္ဒန္တဝါယာမာဂုဓ (မဟာကမ္မဋ္ဌာနာစရိယ)သည် စက်တင်ဘာ ၁၀ ရက်မှ ၁၉ ရက် အထိ ၁၀ ရက်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများ ဟောကြားပြသမည်ဖြစ်သည်။

တရားဝင်မည့် ယောဂီများသည် ညနေ ၅ နာရီအရောက် လာရောက် ကြရန်နှင့် ကုသိုလ်ပြုလှူဒါန်းလိုသူများသည် သာသနာ့နုဂ္ဂဟအဖွဲ့ သာသနာ့ ဗိမာန်ရိပ်သာ ဖုန်း–၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂၅၀) အောက်လမ်းမကြီး ရွှေတောင်ရပ် မော်လမြိုင်မြို့နေ ဒေါ်စောရီ မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် ဆေးကုသမှု အထူးရန်ပုံငွေအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာန စားပွဲတင်တင်းနစ်ပြိုင်

ရန်ကုန် ဩဂုတ် ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ပထမအကြိမ်မြောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ်သို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စားပွဲတင်တင်းနစ် အားကစား ဆပ်ကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌက လက်ခံသည်။

ပြိုင်ပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)နှင့် Mo Asia,Co., Ltd. (Dumex) တို့ ပူးပေါင်းကျင်းပသည့် သူနာပြုများအတွက် ဆေးပညာနှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။

လက်ခံ

ရှေးဦးစွာ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါ်အီးဘာဘရိက အမှာစကားပြောကြားပြီး Mo Asia Co., Ltd. (Dumex)က မြန်မာနိုင်ငံသူနာပြုအသင်း (ဗဟို)သို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ သူနာပြုအသင်း (ဗဟို) ဥက္ကဋ္ဌ ဒေါ်အီးဘာဘရိက လက်ခံယူသည်။

ရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)အမှုဆောင် တပ်မတော်သူနာပြုတက္ကသိုလ် ကထိက (အငြိမ်းစား) ဗိုလ်မှူးဒေါ်သန်းအေးက Health and Nutrition Support for Dysfunetional Family အကြောင်းကိုလည်းကောင်း၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)စိတ်ကျန်းမာရေးဌာန ကထိကဌာနမှူး ဒေါ်ရင်မြက Healthy Mother Healthy Infant အကြောင်းကို လည်းကောင်း၊ Mo Asia Co., Ltd. (Dumex) မှ အာဟာရမန်နေဂျာ ဒေါက်တာဗျူတီကြည်က The Smartfats အကြောင်းကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာခဲ့ကာ ရခိုင်ပြည်နယ် နှင့်မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဩဂုတ်၁၅ရက် ညနေအထိ ခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်၍ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**

အုပ်စု(ခ)မှ ဂျပန်နှင့်အီတလီ၊ ပါရာဂွေးနှင့်ဂါနာ
အုပ်စု(ဃ)မှကော်စတာရီကာနှင့်အီရတ်၊ပေါ်တူဂီနှင့်မော်ရိုကိုယနေ့ကစားမည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၄

အေသင် အိုလံပစ်အားကစားပွဲတော် အမျိုးသားဘောလုံးပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စု(ခ)မှ အုပ်စုဒုတိယပွဲစဉ်များအဖြစ် ပါရာဂွေးနှင့်ဂါနာ၊ ဂျပန်နှင့်အီတလီ၊ အုပ်စု(ဃ)မှ အုပ်စုဒုတိယပွဲစဉ်များအဖြစ် ကော်စတာရီကာနှင့် အီရတ်၊ မော်ရိုကိုနှင့်ပေါ်တူဂီတို့ ဩဂုတ် ၁၅ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပါရာဂွေးနှင့်ဂါနာအသင်းတို့မှာ အုပ်စု(ခ)အုပ်စုပထမပွဲစဉ်များအဖြစ် ကစားခဲ့ရာ ပါရာဂွေးက ဂျပန်ကို လေးဂိုး-သုံးဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး သုံးမှတ်အပြည့်ရရှိထားသလိုဂါနာအသင်းက အုပ်စု(ခ)အုပ်စုပထမပွဲစဉ် အဖြစ် နာမည်ကြီးအီတလီအသင်းကို နှစ်ဂိုးစီသရေကျအောင် ကစားခဲ့ပြီး တစ်မှတ်ရရှိထားသည်။

ပါရာဂွေးအသင်းသည် အိုလံပစ်ခြေစစ်ပွဲတွင် တောင်အမေရိကထိပ်သီးဘရာဇီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ ခြေစစ်ပွဲတစ်လျှောက်ခြေစွမ်းပြလာခဲ့သော အသင်းဖြစ်သည်။ ယခု အေသင်အိုလံပစ်ဘောလုံးပြိုင်ပွဲ အုပ်စု(ခ) အုပ်စုပထမပွဲစဉ်တွင် ဂျပန်ကိုအပေါ်စီးမှ ကစားနိုင်ခဲ့ပြီး ပါရာဂွေး တိုက်စစ်မှူးများဖြစ်သည့် ကာဒိုဇို၊ ဂီမီနက်စ်တို့ ဂိုးသွင်းနိုင်ခဲ့ကြသည်။

သို့သော် လက်ရှိခြေစွမ်းအရ ပါရာဂွေးတို့ ဂါနာကိုအနိုင်ကစားမည်ဖြစ်ကာ အုပ်စုမှတက်ရေးအတွက် သုံးမှတ်အပြည့်သာ ယူမည့်ပွဲဖြစ်သည်။

ပါရာဂွေးနှင့်ကစားမည့် ဂါနာအသင်းမှာလည်း အုပ်စု(ခ) အုပ်စုပထမပွဲစဉ်၌ အုပ်စုဗိုလ်စွဲမည်ဟု ရေပန်းစားနေသော အီတလီကို ဦးဆောင်ဂိုးနှစ်ဂိုးသွင်းပြီး ပွဲချိန်ပထမပိုင်းကို စိုးမိုးထားနိုင်သော ခြေစွမ်းရှိနေသည်။ ဂါနာတို့ တစ်သင်းလုံး လျင်လျင်မြန်မြန်ကစားနိုင်ပြီး တိုက်စစ်မှူးများဖြစ်သည့် ကိုင်ရီအပီးယာ့စ်၊ ဂိုင်အဆိုမော့နှင့် ရိုင်ဘာဖော်တို့က တစ်ဖက်အသင်း နောက်တန်းကို အချိန်ပြည့်ခြိမ်းခြောက်ထားနိုင်သူများဖြစ်ပြီး အခွင့်အရေးရသည်နှင့်ဂိုးသွင်းနိုင်ကြသည်။

လက်ရှိအနေထားအရ ဂါနာတို့ တစ်ပွဲကစားပြီး တစ်မှတ်သာရရှိထားသဖြင့် ပါရာဂွေးကိုအနိုင်ကစားမည်ဖြစ်သော်လည်း ဝါရင့် သမ္ဘာရင့် ပါရာဂွေးကို ကျော်လွှားရန်လွယ်ကူမည်မဟုတ်ချေ။

အုပ်စု(ခ)အုပ်စု ဒုတိယပွဲစဉ်အဖြစ် ဂျပန်နှင့်အီတလီတို့ကစားကြရမည်ဖြစ်ရာ ဂျပန်တို့အုပ်စု(ခ) ပထမပွဲစဉ်၌ ပါရာဂွေးတို့ကို ရှုံးထားပြီး အမှတ်မရရှိသေးပေ။ ဂျပန်ရှေ့တန်းမှ အိုနို၊ တာကာမက်ဆုနှင့် အိုကူဘိုတို့ ဂိုးသွင်းနိုင်ကြသော်လည်း ဂျပန်တို့ ခံစစ်ကြောင်းမကောင်းပေ။ ဂျပန်ခံစစ်မှူးများဖြစ်ကြသော တာနာကာ၊ မိုနီဝါ၊ နာဆုနှင့်တိုကူနာဂါတို့ တစ်ဖက်အသင်းအားထိုးဖောက်ကစားသည့်အခါ ဟန့်တားရာတွင် အားနည်းချက်များရှိနေသည်။

ဂျပန်နှင့်ကစားရမည့်အီတလီအသင်းမှာ အုပ်စု(ခ)၌ ဗိုလ်စွဲမည်ဟု ရေပန်းစားနေသောအသင်းဖြစ်ပြီး အိုလံပစ်ချန်ပီယံအဖြစ် ၁၉၃၆ခုနှစ် ဘာလင်ပွဲတော်၌ ပထမဆုံးအကြိမ်ရရှိခဲ့ပြီး နောက်ပိုင်းမရနိုင်သည့်အတွက် ယခုအေသင်အိုလံပစ်၌ ချန်ပီယံအရယူရန် မျှော်မှန်းထားသော အသင်း ဖြစ်သည်။

သို့သော် အီတလီအုပ်စု(ခ)အဖွင့်ပွဲစဉ်၌ ဂါနာကိုနှစ်ဂိုးစီသရေကျခဲ့သဖြင့် တစ်မှတ်သာရရှိထားရာ ယခုပွဲအနိုင်ကစားတော့မည် ဖြစ်သည်။

အီရတ်အသင်းတွင် တိုက်စစ်မှူးများဖြစ်သည့် ယူနစ်မာမွတ်၊ အီမက်မိုဟာမက်၊ကူဆေးမူနီယာတို့ တစ်ဦးချင်းရော အတွဲလိုက်ပါ ထိုးဖောက်ဂိုးသွင်းနိုင်ကြသည်။ အီရတ်အလယ်တန်းမှ ဟာဝါမူလာမိုဟာမက်နှင့် ဟိုင်ဒရာတို့ က ဘောလုံးဖြန့်ပေးနိုင်ပြီး တိုက်စစ်ကို အားဖြည့်ကာ ဂိုးလည်းသွင်းနိုင်ကြသည်။

အုပ်စု(ဃ)မှ မော်ရိုကိုနှင့် ပေါ်တူဂီတို့လည်း အုပ်စု(ဃ)အုပ်စု ဒုတိယပွဲစဉ်များအဖြစ် **(ယနေ့)**ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ မော်ရိုကိုအသင်းသည် အုပ်စုပထမပွဲစဉ်၌ ကော်စတာရီကာကို ဂိုးမရှိသရေကစားပြီး တစ်မှတ်ရရှိထားသည်။ နာမည်ကြီးပေါ်တူဂီမှာ အုပ်စုပထမပွဲစဉ်အတွင်း အီရတ်ကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးထားရာ အမှတ်မရရှိသေးပေ။

မော်ရိုကိုအသင်းသည် အိုလံပစ်ပြိုင်ပွဲအတွေ့အကြုံရှိပြီး လက်ရှိအိုလံပစ်အသင်း၌ ပြင်သစ်ကလပ်အသင်းဖြစ်သည့် လန်းစ်တွင် ကစားနေသော ဘိုဒွန်ဘောဘစ်၊ ဂျာမနီတွင် ကစားနေသည့် တာအိုအီလ်တို့ပါဝင်ထားသော်လည်း လက်ရှိခြေစွမ်းမှာ အားရဖွယ်မရှိပေ။ မော်ရိုကိုအလယ်တန်းမှ ဖြတ်တင်ပေးသည့် ဘောလုံးများကို တိုက်စစ်မှူးများ ဂိုးရအောင်မဖန်တီးနိုင်ကြရာ အုပ်စုတက်ရန်အတွက် နိုင်ပွဲလိုအပ်နေသော ပေါ်တူဂီတို့ကို ယခုခြေနှင့် အနိုင်ယူရန်မလွယ်ချေ။

အုပ်စု(ဃ)မှ အီရတ်နှင့် ပေါ်တူဂီတို့ အုပ်စု(ဃ) အုပ်စု ပထမပွဲစဉ် ကစားသည့်ပွဲ၌ အီရတ်မှ ဆာလစ်ဆာဒရာ (လယ်)က ပေါ်တူဂီ ဘက်သို့ စတုတ္ထဂိုး သွင်းယူလိုက်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အေသင်အိုလံပစ်ပွဲတော် အမျိုးသား ဘောလုံးပြိုင်ပွဲတွင် အုပ်စု (ဃ) အုပ်စုဒုတိယပွဲစဉ်များအဖြစ် ဩဂုတ် ၁၅ရက်**(ယနေ့)**တွင် ကော်စတာရီကာနှင့် အီရတ်၊ မော်ရိုကိုနှင့် ပေါ်တူဂီတို့လည်း ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ကော်စတာရီကာနှင့် အီရတ်တို့မှာ အုပ်စု(ဃ) အုပ်စုပထမပွဲစဉ်အဖြစ် ကော်စတာရီကာက မော်ရိုကိုနှင့်ကစားခဲ့ရာတွင် ဂိုးမရှိသရေကျပြီး တစ်မှတ်ရရှိထားကာ အီရတ်အသင်းက ပေါ်တူဂီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး သုံးမှတ်အပြည့်ရထားသော အသင်းဖြစ်သည်။

အေသင်အိုလံပစ်ပြိုင်ပွဲဝင် ကော်စတာရီကာအသင်းသည် ကွန်ကာကဖ်ဇုန်မှ အုပ်စုဗိုလ်စွဲပြီး ခြေစစ်ပွဲအောင်လာခဲ့သောအသင်းဖြစ်သော်လည်း မော်ရိုကိုနှင့်ကစားခဲ့သောခြေစွမ်းမှာ မကောင်းလှပေ။ ကော်စတာရီကာ တိုက်စစ်မှူးများဖြစ်သည့် ဆာဘိုရီအို၊ စကော့နှင့် ဟာနန်ဒက်ဇ်တို့က အဆုံးသတ်ဂိုးသွင်းမှုများ မပိုင်နိုင်ကြချေ။

သို့သော် လက်ရှိအနေအထားအရ ခြေစွမ်းထက်နေသောအီရတ်ကို အနိုင်ရရှိရန် အသည်းအသန်ကစားရမည် ဖြစ်သည်။

ကော်စတာရီကာနှင့် ကစားရမည့် အီရတ်မှာ အုပ်စု(ဃ)အုပ်စုပထမပွဲစဉ်၌ အိုလံပစ်ချန်ပီယံ မျှော်မှန်းနေသော ပေါ်တူဂီတို့ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားခဲ့ပြီး စိတ်ဓာတ်မြင့်မားနေသည့်အသင်းဖြစ်သည်။ အီရတ်အသင်းခြေတွေ့ပါက တစ်ဖက်အသင်းကစားကွက်ပျက်အောင် ထိုးဖောက်ကစားတတ်ရာ ယခုပွဲတွင် ကော်စတာရီကာကို အပေါ်စီးမှ ကစားမည်ဖြစ်သည်။

မော်ရိုကိုနှင့်ကစားရမည့် ပေါ်တူဂီမှာ အုပ်စု(ဃ)ပထမပွဲစဉ်၌ အီရတ်တို့ကို ရှုံးထားရာ ယခုပွဲတွင် အနိုင်ကစားရမည်ဖြစ်သည်။

ယခုပွဲ မော်ရိုကိုအသင်းကို ရှုံးပါက ပေါ်တူဂီတို့ အုပ်စုမှပင်ထွက်ရကိန်းဆိုက်မည်ဖြစ်ရာ ယင်းရလဒ်မျိုး ပေါ်တူဂီတို့ လက်ခံမည်မဟုတ်ပေ။ ပေါ်တူဂီအလယ်တန်းမှ ဟူရိုဗီရာနာနှင့် ဘိုဆိုင်းဝါးတို့က တိုက်စစ်ကို အားဖြည့်ပေးနိုင်ကြရာ အခွင့်အရေးကို ပိုင်နိုင်စွာ အသုံးချရန်သာ လိုအပ်နေသည်။

သို့သော် လက်ရှိအနေအထားအရ ပေါ်တူဂီတို့က အုပ်စုမှတက်ရေး အနိုင်ကစားရမည်ဖြစ်ရာ မော်ရိုကိုတို့ထံမှ သုံးမှတ်အပြည့်ရရန် ပေါ်တူဂီတို့ မည်သို့ ကြိုးစားရယူမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

အာဆီယံ ကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့စည်းဝေးမည်

ရန်ကုန် ဩဂုတ် ၁၄

တတိယအကြိမ်မြောက် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် သစ်ပင်၊ ပန်းမန်နှင့် တိရစ္ဆာန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ အာဆီယံ ကျွမ်းကျင်သူများ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဩဂုတ် ၁၇ရက်မှ ၁၉ရက်အထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ တစ်လွှား အားကစား

အိုလံပစ်ရောက်တောင်ကိုရီးယားမြားပစ်အဖွဲ့ ကမ္ဘာ့စံချိန်သုံးခုမှတ်တမ်းတင်နိုင်ခဲ့

အေသင် ဩဂုတ် ၁၄

ဂရိနိုင်ငံ အေသင်မြို့သို့ ရောက်ရှိနေသော တောင်ကိုရီးယားမြားပစ်အဖွဲ့သည် အိုလံပစ်အားကစားပွဲတော် မဖွင့်မီ တစ်ရက်အလို (ကြာသပတေးနေ့) ပထမဆုံးယှဉ်ပြိုင်သည့်နေ့တွင် ကမ္ဘာ့မြားပစ်မှတ်တမ်း သုံးခုကို စံချိန်ချိုးလိုက်သည်။

အမ်ဒေါင်ဟိုင်အန်သည် အမျိုးသား ၇၂မြားပစ်တွင် ရမှတ် ၆၈၇ မှတ်ဖြင့် ကမ္ဘာ့စံချိန်သစ်ကို ချိုးလိုက်သည်။

ဂရိနိုင်ငံအေသင်မြို့သို့ ရောက်ရှိနေသော တောင်ကိုရီးယားမှ လက်ရှိ အမျိုးသမီး အိုလံပစ်မြားပစ်ချန်ပီယံ ယွန်မီဂျင်း မြားပစ်ပြိုင်ပွဲဝင်ဟန်။

(ဓာတ်ပုံ-အင်တာနက်)

ဆောင်ဟိုင်အနဲပတ်စ်သည် အမျိုးသမီး ၇၂မြားပစ်ပြိုင်ပွဲတွင် ရမှတ် ၆၈၂ မှတ်ဖြင့် ကမ္ဘာ့စံချိန်သစ်ကို ချိုးခဲ့သည်။

တောင်ကိုရီးယား အမျိုးသမီးမြားပစ်အသင်းသည် ဆစ်ဒနီအိုလံပစ်တွင် ၎င်းတို့ တင်ထားသောစံချိန်ကို ချိုးခဲ့သည်။

လီဆောင်ဂျင်းနှင့် ယွန်မီဂျင်းတို့ နှစ်ဦးပေါင်း မြားပစ်ချက် ၂၁၆ ချက်တွင် ရမှတ် ၂၀၃၀ ရရှိခဲ့သည်။ လွန်ခဲ့သောလေးနှစ်က ၎င်းတို့နိုင်ငံမှ ပြိုင်ဘက်များထက် ၃၆မှတ် ပိုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပိုတိုအသင်းနည်းပြသစ် ဖာနန်ဒက်ဇ်အားခန့်အပ်

လစ္စဘွန်း ဩဂုတ် ၁၄

ဥရောပချန်ပီယံ ပိုတိုအသင်းသည် လူဂီဒယ်လ်နေရီနေရာတွင် ဗစ်တာ ဖာနန်ဒက်ဇ်အား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အဆိုပါ ဘောလုံးအသင်းက မကြာသေးမီက ကြေညာချက်တစ်စောင် ထုတ်ပြန်ကြေညာခဲ့သည်။

အသက် (၄၃နှစ်)ရှိ ဖာနန်ဒက်ဇ်သည် အသင်းပိုင် မရှိသူဖြစ်ပြီး ယခင်က စယ်လ်တာဗီဂိုနှင့်ရီးရဲဇာရာဂိုဇာအသင်းတို့တွင် နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၎င်းသည် ပိုတိုအသင်းနှင့် နှစ်နှစ်စာချုပ်ထားသည်။

လူဂီဒယ်လ်နေရီသည် ချယ်လ်ဆီး နည်းပြဖြစ်သွားသော မော်ရင်ဟိုနေရာတွင် ရောက်ရှိလာကာ ဘောလုံးရာသီ မစတင်မီမှာပင် ရာထူးမှ ပြုတ်သွားသူဖြစ်သည်။

(ရိုက်တာ)

နိုင်ငံတကာစစ်တုရင်ပွဲတော်ယူအေအီးနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပ

အဘူဒါဘီ ဩဂုတ် ၁၄

နိုင်ငံနှင့်ဒေသဆိုင်ရာ ၂၅နိုင်ငံမှ စစ်တုရင်အားကစားသမားများသည် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)၌ စနေနေ့တွင်ပြုလုပ်မည့် အဘူဒါဘီ နိုင်ငံတကာ စစ်တုရင်ပွဲတော်သို့ ပါဝင်ကစားကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ ဂါ့ဖ်နယူးစ်နေ့စဉ်သတင်းစာက ကြာသပတေးနေ့တွင် သတင်းဖော်ပြခဲ့သည်။

အဆိုပါ နိုင်ငံတကာစစ်တုရင်ပွဲတော်ကို အဘူဒါဘီ စစ်တုရင်နှင့် ယဉ်ကျေးမှုအဖွဲ့(အေဒီစီစီစီ)၊ အဘူဒါဘီ ယဉ်ကျေးမှုဖောင်ဒေးရှင်း(အေဒီစီအက်ဖ်)နှင့် ယူအေအီး အစိုးရ၏ ကူညီပံ့ပိုးမှုများဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါစစ်တုရင်ပွဲတော်သည် စစ်တုရင်မာစတာများ၏ နိုင်ငံတကာဆိုင်ရာ အစည်းအဝေးတစ်ရပ်ဖြစ်လာမည် ဖြစ်သည်။ နိုင်ငံတကာစစ်တုရင် အဖွဲ့ချုပ်(အက်ဖ်အိုင်ဒီအီး)သည် ၎င်း၏နှစ်ပတ်လည်ဆိုင်ရာ အစီအစဉ်တွင် အဆိုပါစစ်တုရင်ပွဲတော်၌ ပါဝင်မည်ဖြစ်ကာ ၎င်းတို့၏တိုးတက်မှုနှင့် အကျိုးရလဒ်ကောင်းများ ဆက်လက် ဖြစ်ပေါ်တိုးတက်ရန် ဆောင်ရွက်မည် ဖြစ်သည်။

၎င်းစစ်တုရင်ပွဲတော်သည် ကြီးမားသော အောင်မြင်မှုများ ရရှိလိမ့်မည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဆုကြေးငွေများလည်း ထိုက်တန်စွာချီးမြှင့်မည် ဖြစ်ကြောင်း ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒါဟီအယ်ဆူဝေဒီက ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဖြစ်မြောက်ရေးအသင်း သက်ကြီးရုပ်ရှင်ပညာသည်များအား အလှူငွေများပေးအပ်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ သက်ကြီး ရုပ်ရှင်ပညာရှင်များအား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း နာယက ဦးစံတင်အောင်(ရွှေဘို)က ဂါရဝပြု အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းငွေပေးအပ်

ရှေးဦးစွာ မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း နာယက ဦးစံတင်အောင်(ရွှေဘို)က သက်ကြီး ရုပ်ရှင်ပညာရှင်များ တစ်ဦးချင်းစီသို့ ဂါရဝပြု ဂုဏ်ပြုလှူဒါန်းငွေများ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရုပ်ရှင်သက်ကြီးပူဇော်ပွဲအတွက် အလှူငွေကျပ် ငါးသောင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်က လက်ခံယူသည်။**(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ် ဖြစ်မြောက်ရေးအသင်း၌ အသုံးပြုရန်အတွက် ဗွီဒီယိုတိပ်ခွေများကို နာယက ဦးစံတင်အောင်(ရွှေဘို)က ဆက်လက်ပေးအပ်ရာ ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်တို့က လက်ခံယူသည်။

ယင်းနောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး စာကြည့်တိုက်တွင် "ကြီးပွားချမ်းသာစေသော အဓိကသော့ချက်များ" အမည်ရှိ စာအုပ် ၇၀ ကိုလှူဒါန်းပြီး အစည်းအရုံး အမှုဆောင်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ပြန်လည်ပေးအပ်

ထို့နောက် သက်ကြီးရုပ်ရှင်ပညာရှင်များကိုယ်စား ဒါရိုက်တာ ဦးတင်ယုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဥက္ကဋ္ဌ ဦးစိန်တင်ကလည်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထုတ်ဝေသည့် စာအုပ်များကို အလှူရှင်ဦးစံတင်အောင်(ရွှေဘို)သို့ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အစင်စံပြကျေးရွာ စပါးစိုက်ခင်းငါးမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၁၄

ရေးမြို့နယ်အစင်စံပြကျေးရွာတွင် စပါးပိုမိုထွက်ရှိရေးနှင့် သားငါးကဏ္ဍ တိုးတက်ရေးကိုမျှော်မှန်း၍ငါးလုပ်ငန်း ဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတို့ ပူးပေါင်းပြီး စပါးစိုက်ခင်း အတွင်း ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ရဲဝင်းနှင့်ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လယ်သမားများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ်ရဲဝင်းက အမှာစကားပြောကြားပြီး လယ်သမား ၁၅ ဦး၏ ၆၂ ဒသမ ၉၃ ဧကရှိ စပါးစိုက်ခင်းအတွင်း ငါးခုံးမကောင်ရေ ၃၁၅၀၀ကို ငါးမျိုးစိုက်ထည့်ကြသည်။**(အပေါ်ပုံ)**ထို့အပြင် တပ်ရင်း၊ တပ်ဖွဲ့များ၏ စပါးစိုက်ခင်းနှင့် ကန်များတွင်လည်း ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် ၈၁၊ (၆)လွှာ ခေါင်းရင်းခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်လဲ့လဲ့ဝင်း ကေ/အာရ်ဂျီအင်န်–၀၃၄၅၅၁ ထံမှ ကျွန်ုပ်အမှုသည်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသည့် အထောက်အထားစာရွက်စာတမ်းများတင်ပြလျက် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းနေ့ ကျော်လွန်ပါက အပြီးသတ်အရောင်းအဝယ်ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –
ဦးမင်းဆွေ (ဘီ၊အေ၊အာရ်၊အယ်လ်)
တရားရုံးချုပ်ရှေ့နေ(၂၀၂၁)
၈၃/၁၄ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၃၇၇၂၇၆

မြန်မာ–ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်တတိယနေ့(၁၈)ကျင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက်၇နာရီခွဲက မန္တလေးမြို့ Shwesaryan Golf Resort ၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ပြိုင်ပွဲ၏ တတိယနေ့(၁၈)ကျင်းကစားအပြီး၌ Professional Golfers ပြိုင်ပွဲတွင် စိုးကျော်နိုင် (Pan-West)က ၇၁+၆၈+၇၂ ပေါင်း၂၁၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇော်လတ်(Pan-West)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ပြီး ၇၃+၆၉+၇၀ ပေါင်း ၂၁၃ချက်ဖြင့် ဒုတိယ၊ မင်းနိုင်(Srixon)က ၇၄+၆၉+၇၈ ပေါင်း အချက် ၂၂၀ဖြင့် တတိယ၊ အောင်ဝင်း(Y.C.D.C)က ၇၅+၇၄+၇၂ ပေါင်း ၂၂၁ချက်ဖြင့် စတုတ္ထလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် မျိုးမင်းအောင်က သတ်မှတ်ရိုက်ချက်ထက်တစ်ချက်လျော့ရိုက်ပြီး ၈၁+၇၄+၇၁ နှင့် အောင်အောင်ကျော်က ၇၂+၇၈+၇၆ ပေါင်း ၂၂၆ချက်စီဖြင့် ပူးတွဲဦးဆောင်ကစားလျက်ရှိသည်။

နိုင်နိုင်လင်းက ၇၉+၇၆+၇၂ ပေါင်း ၂၂၇ချက်ဖြင့် ဒုတိယလိုက်ပြီး ဇော်ဇင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၈၁+၇၉+၆၉ ပေါင်း ၂၂၉ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd.က ဖြစ်ပြီး၊ Co-Sponsors များဖြစ်ကြသော Air Mandalay, Tiger Beer, Alpine Drinking Water, Htoo Trading, KM Golf Centre, Maruman, Tour Stage, Srixon, Wilson, Grandslam (Munsing Wear), ACCEL International Co.,Ltd. (Canon), Sedona Hotel (Mandalay), Sun Far Travels & Tours တို့က ထပ်မံ၍ ကူညီပံ့ပိုးပေးကြသည်။

တာဝန်ယူ

မြန်မာ–ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် Shwesaryan Open Golf Championship ဂေါက်သီးရိုက် ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေး အတွက် (Organized By Han Event Management)က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထနေ့(၁၈)ကျင်းပြိုင်ပွဲကို ဩဂုတ်၁၅ရက်နံနက်၇နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ–ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် **Shwesaryan Open Golf Championship** ပြိုင်ပွဲတွင် စိုးကျော်နိုင် **(Pan-West)** ယှဉ်ပြိုင်စဉ်။ **(ဂေါက်သီးရိုက်အဖွဲ့ချုပ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်မိုးရေချိန်

၁၄–၈–၂၀၀၄

ရန်ကုန်မြို့လယ်	၂ ဒသမ ၆၄ လက်မ
မင်္ဂလာဒုံ	၁ ဒသမ ၄၆ လက်မ
ကမ္ဘာအေး	၁ ဒသမ ၆၅ လက်မ

ပွင့်ဖြူမြို့ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ငါးကျွေး ဆိပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ပွင့်ဖြူ ဩဂုတ် ၅

မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာမြို့သစ်ရှိ စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား၌ သက်သက်လွတ်စားသောငါးများ ဝါတွင်းကာလ အစာကျွေးမွေးရာ ဆိပ်ကမ်းဖွင့်ပွဲအခမ်းအနားကို(၁၃၆၆ခု ဒုတိယဝါဆိုလပြည့်နေ့)ဇူလိုင် ၃၁ရက်ကကျင်းပရာ တိုင်း၊ ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဘာသာ ရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားကို ဩဝါဒါ စရိယအဖွဲ့ အကျိုးဆောင် ဆရာတော် အရှင်ဓမ္မာစာရ (အစိုးရ ဓမ္မာစရိယ) နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမျိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ငါးများကို အစာ ကျွေးမွေးကြကြောင်း သိရသည်။

(က–ပ)

